တတိယအကြိမ်

စာကြည့်တိုက်ပညာ စာကြည့်တိုက်အကြောင်း
ဆောင်းပါးများစုစည်းမှု

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

ဆရာတိုက်စိုး၏ စာကြည့်တိုက်ပညာ` စာကြည့်တိုက်အကြောင်း
ဆောင်းပါးအားလုံး စုစုပေါင်း ၂၆ ပုဒ်ပါရှိပါသည်။

mgyoe.com

Cover Design by Maung Day
www.maungday.blogspot.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

“စာကြည့်ပိဋကတ်တိုက်မည်သည် ရှေးသူတော်မြတ်များ၏ အတုအယောင်
ကင်းသော အမွေအနှစ်တို့ စုရာ ဌာပနာတိုက်တည်း”

ဘောကွန်

mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး - ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၂၂၅

# ပညာသိုက်

## တိုက်စိုး

**စာကြည့်တိုက်ပညာ**
**စာကြည့်တိုက်အကြောင်း**
**ဆောင်းပါးများ စုစည်းမှု**

**နှစ်ကာလများ**
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉ ၅၂ ၇၈ ၇၉၅၊ ၀၉ ၂၅ ၄၈ ၄၈ ၀၄၈
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

တိုက်စိုး
ပညာသိုက်
တတိယအကြိမ်၊ ဧပြီ၊ ၂၀၁၇။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၃၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)၊ အမှတ် ၈၊ အိမ်ကြီးလမ်း၊ ၉ ရပ်ကွက်၊ ရေကျော်၊ ပုဇွန် တောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဒေး။ **စာအုပ်ချုပ်** –ကိုမြင့်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| - | ပီတိအမှာစာ | ၁ |
| - | တိုက်စိုး၏ (၁၉၂၀-၂၀၀၃) အမှတ်တရ ဘဝဖြစ်စဉ် | ၃ |
| ၁။ | စာကြည့်တိုက်ပညာ မိတ်ဆက် | ၇ |
| ၂။ | စာကြည့်တိုက်လက်စွဲ အမှာစာ | ၁၀ |
| ၃။ | စာကြည့်တိုက်ဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲ အမှာစကား | ၁၃ |
| ၄။ | မြန်မာစာရေးဆရာတို့၏ ကလောင်မှ အမှာစာ | ၁၆ |
| ၅။ | သိပ္ပံမောင်ဝနှင့် သူ၏စာစုမှ အမှာစာ | ၁၈ |
| ၆။ | ဟိုရှေး အယ်လက်ဇန္ဒာရီးယား (ဂရိခေတ်စာကြည့်တိုက်) | ၂၀ |
| ၇။ | အင်္ဂလန်မှ စာကြည့်တိုက်တစ်ခု | ၂၅ |
| ၈။ | ဗြိတိသျှပြတိုက်စာကြည့်တိုက် | ၃၀ |
| ၉။ | ကွန်ဂရက်စာကြည့်တိုက် | ၃၅ |
| ၁၀။ | ကမ္ဘာ့စာကြည့်တိုက်များ | ၄၀ |
| ၁၁။ | မြန်မာနိုင်ငံစာကြည့်တိုက်ခရီး | ၇၆ |
| ၁၂။ | စာအုပ်နှင့် စာကြည့်တိုက် | ၈၈ |
| ၁၃။ | စာကြည့်တိုက်ပညာ သင်ခြင်း | ၉၂ |
| ၁၄။ | စာကြည့်တိုက် ပြန်လည်ထူထောင်ခြင်း | ၉၇ |
| ၁၅။ | ခေတ်သစ် စာကြည့်တိုက်များ | ၁၀၂ |
| ၁၆။ | စာကြည့်တိုက်ကိစ္စ | ၁၁၂ |
| ၁၇။ | ကျောင်းသစ် | ၁၁၅ |
| ၁၈။ | စာအငှားအရမ်း | ၁၁၈ |
| ၁၉။ | ဂျူဗလီဟော မြင်ကွင်းမှ | ၁၂၁ |
| ၂၀။ | စာ...စာ | ၁၂၆ |
| ၂၁။ | ရည်ညွှန်းဆိုတာ | ၁၃၀ |
| ၂၂။ | မြန်မာစာပေ စာစုစာရင်း နိဒါန်း | ၁၃၃ |
| ၂၃။ | ဦးယမ်နှင့် စာစုစာရင်း | ၁၃၇ |
| ၂၄။ | အကြောင်းအချက်ရှာနည်း | ၁၄၁ |
| ၂၅။ | ဇော်ဂျီနှင့် စာကြည့်တိုက် | ၁၄၈ |
| ၂၆။ | ဆရာဇော်ဂျီ ဂုဏ်ပြုစာတမ်းဖတ်ပွဲမှ အမှာစကား | ၁၅၅ |


mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ပီတိအမှာစာ

'...ဆရာ့စာစု၊ ဆရာ့စာအုပ်တို့ကို အသစ်လုပ်၊ အသစ်ပြုစု၍ ကျွန်တော်တို့ လုပ်နိုင်သမျှ လုပ်ကိုင်သွားကြရပါမည်။ ဆရာသည် လေးစားအပ်သောစာ၊ အားကိုးအားထားပြုနိုင်သော စာကောင်းစာခန့်တို့ကို များစွာ ရေးသားပြုစုသွားနိုင်ခဲ့သူဖြစ်ကြောင်းနှင့် ဆရာတိုက်စိုး၏ တိုက်စိုးမည်သော ပိဋကတ် စာကြည့်တိုက်မှူးတို့၏ အတတ်၊ အသိနှင့် ဆက်စပ်ပညာရပ်ဆိုင်ရာများ ဖြစ်သည့် စာကြည့်တိုက်နှင့် သုတပညာရေးရာဆောင်းပါးစာစုတို့ကို **ပညာသိုက်** အမည်တပ်၍ စာတစ်အုပ်အဖြစ် ထုတ်လုပ်ဖြန့်ချိဖြစ်ပါပြီ...'ဟူ၍ ၁၄-၂-၂၀၀၄ ရက်စွဲပါ ကျွန်တော်၏ ၃ မျက်နှာခန့်ရှိ အမှာစာ(*တိုက်စိုး-ပညာသိုက်၊ ရွှေစာပေမှ ဖြန့်ချိခြင်း၊ ၂၀၀၄-မေလထုတ်၊ အုပ်ရေ ၁၀၀၀၊ စာမျက်နှာ ၁၈၆ ရှိ စာအုပ်မှ*) တွင် ရေးပြထားခဲ့ပါသည်။

ယခုသော် အဆိုပါ **ပညာသိုက်** စာအုပ်ပါ စာမူ ၁၈ ပုဒ်ကို ထပ်မံဖြည့်စွက်၍ **စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အကြောင်း** ခေါင်းစဉ်ငယ်ပြုပြီး ကျွန်တော်တို့ အသစ်ပြုလုပ် ထုတ်ဝေဖြန့်ချိဖြစ်ပါပြီ။ သည်တစ်ခါတွင် နှစ်ကာလများစာပေမှ ကဗျာဆရာ (ကို)မိုးဝေး၏ အစီအစဉ်ဖြင့် ဆရာတိုက်စိုး၏ စာကြည့်တိုက်ဆိုင်ရာစာစု ၂၆ ပုဒ်လုံးကို စာအုပ်သစ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

စာကြည့်တိုက်နှင့် သတင်းဖြန့်ချိရေး၊ ခေတ်မီစာကြည့်တိုက်များ ပေါ်ပေါက်ရေး၊ ကျေးလက်စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပြီး ရေရှည် တည်တံ့ နိုင်ရေး စသည့် ဆောင်ရွက်သည့်လုပ်ငန်း၊ ဖော်ပြသည့် သတင်းဓာတ်ပုံများစွာ ပြန့်ကားပေါ်ထင်နေပါသော ယနေ့ကာလတွင် ဆရာတိုက်စိုး၏ ယခုစာအုပ်သည်

mgyoe.com

mgyoe.com SAMPLE BOOK

စာကြည့်တိုက်လုပ်ငန်းရပ်များနှင့် ပတ်သက်သူများ၊ စာကြည့်တိုက်ပညာရှင်၊ စာကြည့်တိုက်ဝန်ထမ်း၊ စာကြည့်တိုက်ပညာသင် ကျောင်းသား / သူတို့နှင့် ဆက်စပ်ပတ်သက်သော စိတ်ဝင်စားကြသူမှန်သမျှ လေ့လာသိရှိအပ်သည့် စာအုပ် ဟုပင် ဆိုချင်ပါသည်။

မြန်မာစာအဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ဝင် ပညာရှင်၊ ပညာတတ်တစ်ဦးပီပီ စာသမား၊ စာကြည့်တိုက်သမား ဆရာတိုက်စိုး၏ စာကြည့်တိုက်ပညာ၊ စာကြည့် တိုက် အကြောင်းရပ်ပေါင်းစုံ ပါဝင်သော ယခုစာအုပ်သစ်သည် စာကြည့်တိုက် ဆိုင်ရာတို့နှင့် ပတ်သက်လျှင် အားကိုးရသည့် စာအုပ်တစ်အုပ်ဟုလည်း ဖြစ်မည် ထင်ပါသည်။ ကွယ်လွန်သူ ဆရာတိုက်စိုး (ညွှန်ကြားရေးမှူးချုပ်ဟောင်းတစ်ဦး) ၏ အသိဉာဏ်ပညာ၊ အတွေ့အကြုံ၊ အတွေးအမြင်၊ အရေးအသား၊ အတင်အပြ နှင့် စာကြည့်တိုက်ဆိုင်ရာ အကြောင်းရပ်ကိစ္စများသည် ကဏ္ဍပေါင်းစုံ၊ ရှုထောင့် ပေါင်းစုံနှင့် အကြောင်းအချက် စုံစုံလင်လင် ပါဝင်ထားကြောင်း လေ့လာသိရှိ နိုင်မည်ဖြစ်၍ စာရှုသူများအတွက်လည်း ကောင်းကျိုးထွက်စေနိုင်မည်သာ ဖြစ် ပါသည်။

စာကြည့်တိုက်ပညာရပ်ဆိုင်ရာ သီးသန့်လုံးချင်း မြန်မာဘာသာစာအုပ် များဟူ၍ အုပ်ရေ ၅၀ ပင် မပြည့်သေးသည့် ယနေ့ကာလတွင် ပညာရှင် ဆရာ တိုက်စိုး၏ ယခုစာအုပ်သည် လေ့လာကိုးကားနိုင်စရာ စာအုပ်ကောင်းတစ်အုပ် အဖြစ် စာကြည့်တိုက်လောကတွင် သမိုင်းဝင် သမိုင်းတင်တော့မည်သာ ဖြစ် ပါသည်။

မည်သို့ပင်ဖြစ်စေ အကြောင်းအချက်သမား၊ စာကြည့်တိုက်ပညာရှင်၊ မြန်မာစာအဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ဝင် ဖြစ်ခဲ့သူ ညွှန်ကြားရေးမှူးချုပ်ဟောင်း တစ်ဦးသာမက နိုင်ငံတော်၏ အမျိုးသားစာပေ ၂ ကြိမ်ဆုရ ဆရာကြီး ဦးသန်းထွတ် (စာရေးဆရာ တိုက်စိုး)၏ စာကြည့်တိုက်ဆိုင်ရာ ယခုစာအုပ် အတွက် အမှာစာလေး ရေးပေးဖော်ပြနိုင်မှုအပေါ် ကျွန်တော် ဝမ်းသာကြည်နူး ပီတိထူးကို ခံစားရပါကြောင်း ရေးပြပါရစေ။

ဦးမြင့်ကြိုင် (စာကြည့်တိုက်ပညာရှင်)
အငြိမ်းစား – ဒုတိယညွှန်ကြားရေးမှူးချုပ်
၃၁ – ၇ – ၂၀၁၀

mgyoe.com

mgyoe.com SAMPLE BOOK

# တိုက်စိုး (၁၉၂၀-၂၀၀၃)
# အမှတ်တရ ဘဝဖြစ်စဉ်

၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက် (တနင်္လာနေ့) တွင် ဖျာပုံမြို့နယ်၊ သမိန်ထောရွာ၌ မြေပိုင်ရှင် ဦးဖိုး၀၊ အမိဒေါ်ငွေနုတို့မှ မွေးဖွားခဲ့ပါသည်။ အမည်အရင်းမှာ ဦးသန်းထွတ် ဖြစ်ပါသည်။

၁၉၂၆–၃၆ သမိန်ထောရွာ မြန်မာအလယ်တန်းကျောင်း၊ ဖျာပုံ အစိုးရ အထက်တန်းကျောင်းများတွင် ၉ တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၃၇–၃၈ အထက်တန်းကျောင်းသားဘဝတွင် ရန်ကုန်မြို့မကျောင်းမှ ထုတ်ဝေသော ဝံသယုဝ မဂ္ဂဇင်းတွင် စာ စတင်ရေးသည်။ ပထမဆုံးဖော်ပြခံရသော စာမူမှာ "ချစ်ဆွေများသို့" စာမူဖြစ်ပြီး ကလောင်အမည် သန်းထွတ် (၁၁ ဆင့် / ဃ) ဖြင့် ရေးသားသည်။

၁၉၃၈– ရန်ကုန်မြို့မ အမျိုးသားကျောင်းမှ ၁၀ တန်း အောင်မြင်သည်။

၁၉၄၆ – ရန်ကုန်တက္ကသိုလ်မှ ဘီအေ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၌ နည်းပြအဖြစ် တာဝန်ထမ်းသည်။ ၁၉၄၇ တွင် နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ် အင်္ဂလန်နိုင်ငံ လဗ္ဗရာ စက်မှုကောလိပ် (Loughbrough College) သို့ ပညာတော်သင်အဖြစ် အရွေးချယ်ခံရသည်။

၁၉၄၉– ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနဆိုင်ရာ စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူသည်။

၁၉၅၀– ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK

၁၉၅၁– အင်္ဂလန်နိုင်ငံ စာကြည့်တိုက်အသင်းမှ A.L.A အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ရန်ကုန်တက္ကသိုလ် လက်ထောက်စာကြည့်တိုက်မှူး အဖြစ် တာဝန်ယူသည်။

၁၉၅၂– ရာမခရစ်ရှနာ မစ်ရှင်အဖွဲ့ စာကြည့်တိုက် ကော်မတီဝင်အဖြစ် တာဝန်ယူသည်။

၁၉၅၃– မြန်မာနိုင်ငံသုတေသနအသင်း အမှုဆောင်အဖြစ် ဆောင်ရွက်သည်။

၁၉၅၅– အမျိုးသားစာကြည့်တိုက် အထူးအရာရှိအဖြစ် တာဝန်ယူသည်။

၁၉၅၆– ဝိဇ္ဇာဘွဲ့(ဥပဒေ) ရသည်။ ဥရောပ၌ စာကြည့်တိုက်ပညာ ဆက်လက်လေ့လာသည်။

၁၉၆၀– ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးဝန်အဖြစ် တာဝန်ယူသည်။ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၁ ( ဇူလိုင်၊ ၁၉၆၀)မှစ၍ တိုက်စိုး ကလောင်အမည်ဖြင့် ဝေဖန်ရေးဆောင်းပါးများ စတင်ရေးသားသည်။

၁၉၆၅– ရန်ကုန်စက်မှုလက်မှုကျောင်း (ယခုစက်မှုလက်မှုနှင့် သက်မွေးပညာ ဦးစီးဌာန) မှ ဆရာမ ဒေါ်မြင့်မြင့်သန်း (စာရေးဆရာမ တက္ကသိုလ်မြစိမ်း)နှင့် လက်ထပ်သည်။ မင်းယုဝေနှင့် တွဲဖက်၍ မြန်မာစာမိတ်ဖွဲ့ (ပထမဦးဆုံး လုံးချင်းစာအုပ်) ကို ရေးသားထုတ်ဝေသည်။

၁၉၇၁– ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဌာန (ယခု စာကြည့်တိုက်နှင့် သုတပညာဌာန) စတင်ဖွင့်လှစ်သောအခါ ရည်ညွှန်းဘာသာရပ်ကို အချိန်ပိုင်းကထိကအဖြစ် ၁၉၈၈ အထိ ပို့ချသည်။

၁၉၇၂– ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်သည်။

၁၉၈၂– ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။ ဆရာ၏ ဝန်ထမ်းဘဝ မွေးသက္ကရာဇ်မှာ ၂–၁–၁၉၂၂ ဖြစ်၍ ၁၉၈၂ တွင် အသက် ၆၀ ပြည့် ပင်စင်ယူခြင်း ဖြစ်ပါသည်။ အငြိမ်းစား မယူမီအထိ အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ နော်ဝေ၊ အိန္ဒိယ၊ တရုတ်နိုင်ငံများသို့ လေ့လာရေး သွားရောက်ခဲ့သည်။

၁၉၈၃– အငြိမ်းစားယူပြီးနောက်ပိုင်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတေသန အချိန်ပိုင်းကထိက၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်နှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ ပညာတန်ဆောင် အုပ်ချုပ်

mgyoe.com

mgyoe.com  SAMPLE BOOK

ရေးအဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ပြင်ပစာစစ်၊ မြန်မာသမိုင်း အဖွဲ့ဝင် (၁၉၈၅ မှ ကွယ်လွန်ချိန်အထိ) တာဝန်များကို ဆက်လက်ထမ်းဆောင်သည်။

၁၉၉၆– 'မင်္ဂလာပါ ဆရာမ' စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန် (ရသ) ဆု ရရှိသည်။

၁၉၉၉– ပခုက္ကူ ဦးအုန်းဖေ၏ 'တစ်သက်တာ စာပေဆု' ကို ရရှိခဲ့သည်။

၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆု (စာပဒေသာဆု) ကို 'ဇေယျ' စာအုပ်ဖြင့် ထပ်မံရရှိပြီး ၂၀၀၃ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရမှ ချီးမြှင့်သည့် ဝိဇ္ဇာထူးချွန်ဆု (ပထမဆင့်) ရရှိသည်။

၂၀၀၃ ခု မေလ ၄ ရက် ညနေ ၅ နာရီအချိန်တွင် ကွယ်လွန်သည်။ ဆရာသည် ကွယ်လွန်ချိန်အထိ လုံးချင်းစာအုပ်ပေါင်း ၂၁ အုပ် ရေးသား ထုတ်ဝေခဲ့သည်။ ယခုစာအုပ်မှာ လုံးချင်းစာအုပ် ၂၆ အုပ်မြောက်အဖြစ် ပုံနှိပ် ထုတ်ဝေခြင်းဖြစ်သည်။

❒

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စာကြည့်တိုက်ပညာ မိတ်ဆက်

၁။ စာကြည့်တိုက်မှူး၏ တာဝန်သည် "ပညာရှာသူ တို့ဝိုင်းကူ" ဆောင်ပုဒ်အတိုင်း ဖြစ်သည်။ ရာနှုန်းပြည့်ကူညီနိုင်အောင် စာကြည့်တိုက်က ခေတ်မီရသည်။ စာကြည့်တိုက်မှူးမှာလည်း ရိုးရိုးစာပေပညာအပြင် လုပ်ငန်းပညာလည်း တတ်ရသည်။

၂။ စာကြည့်တိုက်အမျိုးအစားတွင် *ပြည်သူ့စာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်နှင့် သီးသန့်စာကြည့်တိုက်* ဟု ယေဘုယျသုံးမျိုးရှိသည်။

(က) (ပုံစံကျ) *ပြည်သူ့စာကြည့်တိုက်မျိုး* ကို ဖွံ့ဖြိုးပြီးနိုင်ငံအများ၌ အက်ဥပဒေအရ စည်ပင်သာယာ အဖွဲ့အစည်း၊ ဒေသန္တရ အဖွဲ့အစည်းများက ပြည်သူထံမှ အခွန်ကောက်၍ သင့်လျော်ရာရာ စာအုပ်စာတမ်းနှင့် ဝန်ထမ်းပြည့်စုံသော စာကြည့်တိုက် ထူထောင်ရသည်။ မြို့ရွာအတွင်း ကျားမ မရွေး၊ အလုပ်အကိုင်မရွေး၊ ဘာသာအယူဝါဒမရွေး လူတိုင်း အခမဲ့သုံးစွဲနိုင်ခွင့်ရှိရသည်။

(ခ) *အမျိုးသားစာကြည့်တိုက်* ကို နိုင်ငံတိုင်း၌ အက်ဥပဒေအရ အနည်းဆုံး တစ်ခုရှိရသည်။ တစ်နိုင်ငံလုံးထုတ်ဝေသော စာအုပ်စာတမ်း၊ စာနယ်ဇင်းမှန်သမျှ တစ်ခုစီ အခမဲ့ ရယူသိမ်းဆည်းရသည်။ ထိုသို့သော စာမျိုးကို အနုအရင့်၊ အကောင်းအဆိုးမရွေး စွန့်ပစ်ရိုးမရှိ။ ထိုနိုင်ငံဆိုင်ရာ ဝိဇ္ဇာသိပ္ပံပညာ အစုစုကို သုတေသနပြုနိုင်ရန် ဖြစ်သည်။ အပြင်သို့ငှားရိုး မရှိ။ စာကြည့်တိုက်တွင်း၌ လေ့လာရန်ဖြစ်သည်။

(ဂ) *သီးသန့်စာကြည့်တိုက်မျိုး* တွင် အစိုးရဌာနဆိုင်ရာ စာကြည့်တိုက်၊ ကျောင်း၊ ကောလိပ်စာကြည့်တိုက်၊ မျက်မမြင်စာကြည့်တိုက်၊ ရုပ်မြင်သံကြားစာကြည့်တိုက်၊ အကျဉ်းထောင်စာကြည့်တိုက် စသည်တို့ပါသည်။ အများသုံးစွဲနိုင်ခွင့် မရှိ။ ဆိုင်သူများသာ သုံးစွဲနိုင်ရိုးရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၃။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များသည် အစိုးရဌာနစာကြည့်တိုက် ဖြစ်သော်လည်း လုပ်ငန်းသဘောအရ ပြည်သူ့စာကြည့်တိုက် ဆန်သည်။ ထို့ကြောင့် ပြည်သူ့စာကြည့်လုပ်ငန်းကို အလေးပေး၍ ပြောပြမည်။

၄။ (က) ပြည်သူ့စာကြည့်တိုက်လုပ်ငန်းတွင် စာစု၊ စာပြု၊ စာဖြန့်ဟူ၍ အစအလယ်အဆုံး ပြီးအောင် လုပ်ရသည်။ ဝယ်ယူရရှိသော၊ လှူဒါန်းရရှိသော စာအုပ်စာဒါန်းနှင့် စာနယ်ဇင်းတို့ကို တိုက်ပိုင်သွင်း၊ မျိုးတူစု၊ ကတ်တလောက်တင် ထို့နောက် စာကြည့်တိုက်သုံးသူအတွက် အဆင်သင့် စင်တင်ပေးရသည်။ ထိုစာအုပ်များအနက် ...

- *ရိုးရိုးဝတ္ထုနှင့် ကျမ်းစာအုပ်* များကို စာငှားဌာနခွဲ၌ စင်ဖွင့်ထားရှိသည်။ စာကြည့်တိုက်သုံးစွဲသူက အိမ်သို့ ငှားယူခွင့်ရှိသည်။
- ဘာသာစကား အဘိဓာန်၊ စွယ်စုံကျမ်း၊ မြေပုံချပ်ကြီး၊ စာရင်းဇယား၊ နှစ်တစ်ရာပြက္ခဒိန် စသော *ရည်ညွှန်းစာအုပ်* မျိုးကို ရည်ညွှန်းဌာနခွဲ စာစင်၌ မျိုးတူစုထားပြီး သိလိုရာရာ ရှာဖွေသူအား စာကြည့်တိုက် ဖွင့်ချိန်၌ အဆောက်အအုံအတွင်း သုံးစွဲစေရသည်။
- စာနယ်ဇင်းဟူသရွေ့ကို စာနယ်ဇင်းဌာနခွဲ၌ အစီအစဉ်အတိုင်း ထားရှိ၍ ဖတ်ရှုစေရသည်။ အပြင်မငှား။
- *ကလေးစာအုပ်နှင့် ကလေးဂျာနယ်၊ မဂ္ဂဇင်း* တို့ကို သီးသန့်ထားရှိရသည်။ လူကြီးများကဏ္ဍနှင့် မရောစေရ။
- *စာအုပ်* မဟုတ်သော အသံဖမ်းတိပ်ကြိုးခွေများ၊ ဂီတသင်္ကေတ စာရွက်များ၊ ပုံတူပန်းချီကားချပ်များကို သီးသန့် သုံးစွဲစေရသည်။

(ခ) တိုးချဲ့လုပ်ငန်း–အခါကာလအားလျော်စွာ စာအုပ်ပြပွဲ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ ဗီဒီယိုပြပွဲများကို အသံလုံအခန်းသတ်သတ်တွင် စီစဉ်ပေးရသည်။ စည်ပင်သာယာနယ်မြေ အစွန်ဒေသနေ လူများထံ နယ်လှည့်စာကြည့်တိုက်ကား မှန်မှန်သွား၍ စာအငှားအရမ်း လုပ်ပေးရသည်။

၅။ ဤသည်မှာ စာဖတ်သူလိုရာ စာအုပ်စာတမ်းကို စာဖတ်သူဆီ တန်း၍ရောက်အောင် ကြိုးပမ်းခြင်း၊ စာဖတ်သူလိုရာ အကြောင်းအချက်ကို ရည်ညွှန်းစာ (လုပ်ငန်း) မှတစ်ဆင့် မြန်မြန်သိအောင် ကြိုးပမ်းခြင်း၊ စာဖတ်သူအား ဗဟုသုတဖြစ်စေရန် စာအုပ်ပြပွဲ၊ ဗီဒီယိုပြပွဲ စသည့် အခြားနည်းလမ်းများဖြင့် ကြိုးပမ်းခြင်းဖြစ်သည်။

mgyoe.com

၆။ တစ်ဆင့်တက်၍ ပြောရမည်ဆိုလျှင် စာဖတ်သူ၏ လိုအင်ဆန္ဒကို အပြည့်အဝ ဖြည့်နိုင်အောင် စာကြည့်တိုက်ချင်း ငှားရမ်းစနစ်ကိုလည်း တီထွင်ထားသည်။ သဘောမှာ စာဖတ်သူလိုရာ စာအုပ်စာတမ်းကို မိမိသွားရောက်ငှားရမ်းသော စာကြည့်တိုက်၌ မရှိ။ သို့ရာတွင် ထိုစာအုပ်စာတမ်းသည် နိုင်ငံတွင်းရှိ စာကြည့်တိုက်တစ်ခုခု၌ ရှိနေသည်ဆိုအံ့။ နိုင်ငံတစ်ဝှမ်းလုံးဆိုင်ရာ စာကြည့်တိုက်ဝန်ဆောင် လုပ်ငန်းစနစ် ဗဟိုကတ်တလောက် သုံး၍ စာဖတ်သူ၏လက်အရောက် ပို့ပေးသည်။ ဘယ်အခါမှ မရမရှိ မဖြစ်စေရ။ ပြည်တွင်း၌ မရှိခဲ့သော် နိုင်ငံခြားစာကြည့်တိုက်မှ ငှားပေးသည်။

၇။ လက်ရှိအခြေအနေ၌ကား ဖွံ့ဖြိုးသောနိုင်ငံများ၏ စာကြည့်တိုက်လုပ်ငန်းသည် အထူးတိုးတက်နေသည်။ ကွန်ပျူတာ အင်တာနက် အသုံးပြု၍ စာစု၊ စာပြု၊ စာဖြန့်တွေ လုပ်လာသည်။ ထိုအခါ စာကြည့်တိုက် ဝန်ထမ်းအဖို့လည်း စာပြု၊ စာစု၊ စာဖြန့်လုပ်ငန်းသည် အချိန်ကုန်သက်သာ၍ မြန်မြန်လုပ်ငန်းပြီးသည်။ စာဖတ်သူအတွက်လည်း လိုရာစာ၊ လိုရာ အကြောင်းအချက်ကို မြန်မြန်ရသည်။ စာဖတ်သူကိုယ်တိုင်ပင် စာကြည့်တိုက်သို့ မသွားဘဲ မိမိအိမ်မှ ကွန်ပျူတာကို သုံး၍ စာကြည့်တိုက်မှ လိုရာစာသား၊ လိုရာ အကြောင်းအချက်ကို လှမ်းတောင်းနိုင်သည်။

*(စာကြည့်တိုက်နှင့် သုတေသနပညာ၊
မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊
၂၀၀၀ ပြည့်နှစ်ထုတ် စာအုပ်မှ)*

❐

mgyoe.com SAMPLE BOOK

# စာကြည့်တိုက်လက်စွဲ အမှာစာ

စာကြည့်တိုက်မည်သည် တိုက်ပိုင်လက်ရေးစာ၊ ပုံနှိပ်စာတို့ကိုလည်းကောင်း၊ တိုက်ပိုင် ပေပုရပိုက်၊ မြေပုံ၊ ရုပ်ပုံကားချပ်၊ မိုက်ကရိုဖလင် စသည်တို့ကိုလည်းကောင်း အရင်းတည်၍ စာကြည့်တိုက်သုံးသူအား ပညာဗဟုသုတ ဖြန့်ဖြူးရလေသည်။ ထိုတာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်လေအောင် စာကြည့်တိုက် ဝန်ထမ်းအဖို့ သက်ဆိုင်ရာ စာကြည့်တိုက်အမျိုးအစား၊ သက်ဆိုင်ရာ စာကြည့်တိုက်ပမာဏနှင့် ဆီလျော်လိုက်ဖက်သော နိုင်ငံသမိုင်း၊ သိပ္ပံပညာ၊ အနုစာပေ စသည့် စာပညာခံ ပြည့်စုံရလေသည်။ ထို့ပြင် စာကြည့်တိုက် စီမံအုပ်ချုပ်နည်းပညာ (ဝါ) စာကြည့်တိုက်ပညာလည်း ရှိရလေသည်။

ဖြစ်တတ်သည်မှာ စာကြည့်တိုက် ဝန်ထမ်း၌ စာခံရှိပါသော်လည်း စာကြည့်တိုက်ပညာ၌ ချို့တဲ့နေခြင်းပင်။ ဤတွင် ခေတ်မီစာကြည့်တိုက်များကို စနစ်တကျ စီမံအုပ်ချုပ်လိုသော် စာကြည့်တိုက်ပညာ တတ်သိကျွမ်းကျင်ရန် လိုလေသည်။ ခေတ်စာကြည့်တိုက်များတွင် ကျမ်းစာအုပ်၊ သတင်းစာဂျာနယ်၊ အစီရင်ခံစာကဲ့သို့ စာအုပ်စာတမ်းများသာမက မြေပုံ၊ ရုပ်ပုံကားချပ်၊ အချက်အလက် စာရင်းဇယား၊ မိုက်ကရိုဖလင်စာကဲ့သို့ ဝတ္ထုပစ္စည်းများပါ မကျန် စာကြည့်တိုက်သုံးသူ၏ လိုအင်ဆန္ဒ ဖြည့်နိုင်အောင် သိုမှီး သိမ်းဆည်းထားရလေသည်။

တစ်ဖန် ခေတ်စာကြည့်တိုက်များ၌ သိမ်းဆည်းရသော စာအုပ်စာတမ်းများမှာလည်း အင်္ဂလိပ်၊ မြန်မာ၊ ပါဠိ စသည့် ဘာသာစကားအမျိုးမျိုး၊ နိုင်ငံသမိုင်း၊ သိပ္ပံပညာ၊ အနုစာပေ စသည့် ပညာရပ်အဖုံဖုံဖြင့် အုပ်ရေသိန်းသောင်းချီ၍

mgyoe.com

mgyoe.com

ရှိတတ်လေသည်။ တစ်ဆင့်တက်၍ဆိုရသော် ပညာတစ်မျိုးတည်း၌ပင် ပညာရပ်ငယ်ခွဲ၍ ထုတ်ဝေကြသည်မှာ ခေတ်အဆက်ဆက်ပင်ဖြစ်သည်။ ပမာအားဖြင့် နိုင်ငံသမိုင်းစာမျိုးကို ကြည့်ပါလေ။ ဥရောပသမိုင်း၊ အရှေ့ဖျားသမိုင်း စသည်ဖြင့် ဒေသခွဲ၍ ထုတ်ဝေသည်လည်း ရှိ၏။ ရှေးဟောင်းခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ စက်မှုအရေးတော်ပုံခေတ်၊ နယ်ချဲ့ခေတ် စသည်ဖြင့် ကာလခွဲ၍ ထုတ်ဝေသည်လည်း ရှိ၏။ အလုပ်သမားသမိုင်း၊ တောင်သူလယ်သမားသမိုင်း စသည်ဖြင့် လူတန်းစား ခွဲ၍ ထုတ်ဝေသည်လည်း ရှိ၏။ တိုင်းရင်းသား လူနည်းစုသမိုင်း၊ လူမှုရေးသမိုင်း စသည်ဖြင့် သီးသန့်ကဏ္ဍခွဲ၍ ထုတ်ဝေသည်လည်းရှိ၏။ ဤသို့ ထွေပြားလှသော စာအုပ်စာတမ်းနှင့် အခြားဝတ္ထုပစ္စည်းများကို ခေတ်စာကြည့်တိုက်သည် ရယူ မျိုးတူစု ကတ်တလောက်တင်ပြီး စာကြည့်တိုက်သုံးသူ၏ လက်ဝယ်အရောက် ပို့ရလေသည်။ ရံဖန်ရံခါ စာကြည့်တိုက်သုံးသူအဖို့ လိုရာအချက်အလက် တစ်မုဟုတ်ချင်း ရှာတွေ့နိုင်စေရန် ရည်ညွှန်းစာဟူ၍ သီးသန့်စင်တင်ပေးရသည့် လုပ်ငန်းလည်း ရှိလေသည်။ ထို့ပြင် ထုတ်ဝေသမျှ အမျိုးအစားနှင့် ဦးရေကို စာကြည့်တိုက်သုံးသူ မျက်ခြည်မပြတ်ရလေအောင် စာကြည့်တိုက်က ဦးစီး၍ စာအုပ်စာတမ်းဆိုင်ရာ ပြပွဲ၊ ဆွေးနွေးဟောပြောပွဲများလည်း စီမံပေးရပြန်သည်။ ခေတ်စာကြည့်တိုက်၏ လုပ်ငန်းဆောင်တာကား များလေစွ။ ထိုလုပ်ငန်းဆောင်တာများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့အရေးသည် စာကြည့်တိုက်ပညာ ကျွမ်းကျင်မှုအပေါ် များစွာ တည်ရှိနေလေသည်။

မြန်မာနိုင်ငံ၌ စာကြည့်တိုက်ပညာ ဖြန့်ဖြူးခဲ့သည်မှာ အနှစ်လေးဆယ်ခန့် ရှိလေပြီ။ စာပေဗိမာန်အဖွဲ့ ဘာသာပြန်စာပေအသင်းက ကြီးမှူး၍ စာကြည့်တိုက်အသင်း (နှစ်ပတ်) သင်တန်းများ ပို့ချခဲ့ဖူး၏။ ယဉ်ကျေးမှုဝန်ကြီးဌာနက ဌာနဝန်ထမ်းများအတွက် စာကြည့်တိုက် (လေးလ) သင်တန်းများ ပို့ချခဲ့ဖူး၏။ ရန်ကုန်တက္ကသိုလ်က ဂျွန်ဟော့ပကင်းတက္ကသိုလ်နှင့် တွဲဖက်၍ စာကြည့်တိုက် (တစ်နှစ်) သင်တန်းများ ပို့ချခဲ့ဖူး၏။ ထိုသင်တန်းများမှာ အချိန်တိုသင်တန်းများ ဖြစ်လေသည်။ ၁၉၇၁ ခုနှစ်တွင်ကား ရန်ကုန်တက္ကသိုလ်က စာကြည့်တိုက်ဌာန ဖွင့်ကာ အချိန်ပိုင်းကျောင်းသားများပါ တက်ရောက်နိုင်ရအောင် ဘွဲ့လွန် စာကြည့်တိုက်ပညာ ဒီပလိုမာ (နှစ်နှစ်ခွဲ) သင်တန်းများ ပို့ချပေးခဲ့သည်မှာ ယနေ့ထက်တိုင် ဖြစ်တော့သည်။

ဤတွင် မည်သည့်စာကြည့်တိုက် အမျိုးအစားအတွက်မဆို အခြေခံပညာ ရနိုင်စေရန်ဟု စာပေဗိမာန်အဖွဲ့ကပင် ကမကထပြုကာ ဝါရင့်စာကြည့်တိုက်

mgyoe.com

SAMPLE BOOK


မှူးများ ဖြစ်ကြသော ဒေါ်တင်အေးကြည်၊ ဦးသော်ကောင်း၊ ဒေါ်ခင်ခင်အုန်း၊ ဦးမောင်မောင်၊ ဒေါ်ကျော့ကျော့တို့ အကူအညီဖြင့် စာကြည့်တိုက်အခြေခံလက်စွဲ စာတစ်အုပ်ကို ၁၉၇၀ ပြည့်နှစ်၌ ထုတ်ဝေခဲ့ဖူးလေသည်။ ထိုစာအုပ်ထွက်ခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော်လေပြီ။ ထိုကာလအတွင်း စာကြည့်တိုက်ပညာ နည်းနိသယသည်လည်း တိုးသည်ထက် တိုးခဲ့လေပြီ။ ထို့ကြောင့် ခေတ်နှင့်အညီ စာကြည့်တိုက်လက်စွဲ စာအုပ်အသစ်ကိုလည်း စာကြည့်တိုက်မှူးဟောင်း အချို့နှင့် စာကြည့်တိုက်မှူးအသစ်တို့ ပူးပေါင်း ထုတ်ဝေလိုက်ပါသည်။ ထိုစာအုပ်တွင် အခန်းကဏ္ဍခွဲ၍ ပုဂ္ဂိုလ်အသီးသီးက ရေးသားပြုစုထားလေသည်။ စာကြည့်တိုက် ပျိုးထောင်ဖွဲ့စည်းရေးနှင့် စီမံခန့်ခွဲရေးအခန်းကို ဒေါ်တင်အေးကြည် (စာပေဗိမာန် စာတည်းဌာန) နှင့် ဒေါ်အဝင်း (စီးပွားရေးတက္ကသိုလ် စာကြည့်တိုက်) တို့ တွဲဖက်ရေးသည်။ မြန်မာစာကြည့်တိုက်များအကြောင်း အခန်းကို ဒေါ်နုနု (စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်) ရေးသည်။ ကတ်တလောက်လုပ်ငန်း အခန်းကို ဦးသော်ကောင်း (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) နှင့် ဦးအောင်ကြီး (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) တို့ တွဲဖက်ရေးသည်။ မျိုးတူပြုစုခြင်း အခန်းကို ဒေါ်ဂေးလ်ဒါထွေး (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) ရေးသည်။ ရည်ညွှန်း လုပ်ငန်းအခန်းကို ဦးသန်းထွတ် (မြန်မာစာအဖွဲ့) နှင့် ဦးမြတ်စိုး (ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်)တို့ တွဲဖက်ရေးသည်။ အကြောင်း အချက် ထုတ်ယူခြင်း အခန်းကို ဦးသိန်းလွင် (မော်လမြိုင်တက္ကသိုလ်စာကြည့်တိုက်) နှင့် ဒေါ်အဝင်း (စီးပွားရေးတက္ကသိုလ်စာကြည့်တိုက်) တို့ တွဲဖက်ရေးသည်။

ဤစာအုပ်သည် စာကြည့်တိုက်ပညာ လေ့လာသူများအဖို့ အထောက်အကူရစေလိမ့်မည်ဟု မျှော်လင့်ပါသတည်း။

**စာကြည့်တိုက်လက်စွဲ၊ စာပေဗိမာန်၊ ၁၉၉၄။**

❒

mgyoe.com

mgyoe.com SAMPLE BOOK

## စာကြည့်တိုက်ဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲ
## အမှာစကား

"စာကြည့်တိုက် ဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲ" ကို ကျင်းပတဲ့ ပထမနေ့မှာ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရပြီး အဖွင့်အမှာစကား ပြောကြားခွင့်ရတဲ့ အတွက် **"သာမန်ပြောရိုး ပြောစဉ် ဝမ်းမြောက်မှုမျိုး မဟုတ်ဘဲ"** ရင်ထဲက ခံစားထွက်ပေါ်လာတဲ့ ဝမ်းမြောက်မှုမျိုးဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

မနက်က ဝန်ကြီးအမှာစကား ပြောကြားတဲ့အထဲမှာ "စာကြည့်တိုက် နှီးနှောဖလှယ်ပွဲကို ၁၉၆၈ ခုနှစ်က ကျင်းပခဲ့ပြီး နှစ်ပေါင်း ၃၀ ကျော်ကြာ ဆယ်စုနှစ်သုံးခုကို ဖြတ်သန်းခဲ့တဲ့ကာလမှာဘဲ **"စာကြည့်တိုက် ဖွံ့ဖြိုးရေး စာတမ်း ဖတ်ပွဲ"** ကို ယခုလို ကျင်းပနိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က စာကြည့်တိုက် နှီးနှောဖလှယ်ပွဲမှာ ကျွန်တော် ပါဝင်ခဲ့ရတဲ့ အခြေအနေလေး ပြန်ပြောင်း ပြောပြချင်ပါတယ်။ "စာကြည့်တိုက် နှီးနှောဖလှယ်ပွဲ"ကို စာပေဗိမာန်အဆောက်အဦ ၃၆၁ ပြည်လမ်း မှာ ကျင်းပခဲ့ပြီး ဦးသိန်းဟန် (ဆရာဇော်ဂျီ) က နှီးနှောပွဲ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒေါ်တင်အေးကြည် စာပေဗိမာန်စာကြည့်တိုက်မှူးက အတွင်း ရေးမှူး အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်က စာတမ်းတင် သွင်း ဖတ်ကြားသူတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်က "ကမ္ဘာ့စာကြည့်တိုက်များ"၊ ဦးတင်ဦးနဲ့ ဒေါ်တင်အေးကြည်က"မြန်မာ့စာကြည့်တိုက်များ" နဲ့ ဦးသော်ကောင်း၊ ဦးမောင်မောင်၊ ဒေါ်တင်အေးကြည်၊ ဒေါ်ခင်ခင်အုန်းနှင့် ဒေါ်ကျော့ကျော့တို့က "စာကြည့်တိုက်အခြေခံလက်စွဲ"ကို ပြုစုတင်ပြခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ကာလ က စာတမ်းရှင်က အခုသဘာပတိအဖြစ် လာရောက်ဆောင်ရွက်ပေးနေရပြန်ပြီ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၃၀ ကျော် ကာလတုန်းက ကျွန်တော်အပါအဝင် စာတမ်းရှင်များဟာ ကွယ်လွန်သူများရှိသလို စာကြည့်တိုက်လုပ်ငန်းက အနား ယူသွားသူများလည်း ရှိပါတယ်။ ကျွန်တော်ကတော့ ယခု အသက် ၇၀ ကျော် ကာလတိုင် စာရေးစာဖတ်အလုပ်နှင့်အတူ စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းများ ကို စိတ်ဝင်စားစွာ ဆက်လက်လုပ်ကိုင်ဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ "ပညာဘဏ်စာကြည့်တိုက်" ရယ်လို့ တစ်ခေတ်ဆန်းလာတဲ့ကာလမှာ စာကြည့် တိုက်များရဲ့အခန်းကဏ္ဍဟာ ပြည်သူကြားမှာ ပြန်လည်ရေပန်းစားလာပြီ ဖြစ်ပါ တယ်။

ဒီလိုအခြေအနေမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည် သူ့ ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ နိုင်ငံ စာကြည့်တိုက်အသင်းတို့ပူးပေါင်းပြီး "စာကြည့်တိုက်ဖွံ့ဖြိုးရေး စာတမ်း ဖတ်ပွဲ"ကို ကျင်းပလာနိုင်ခဲ့ခြင်းဟာ စာကြည့်တိုက်ပညာရှင်တစ်ဦးအနေနဲ့ သာမက အသိပညာတိုးပွားလိုသူ ပြည်သူတစ်ဦးအနေနဲ့ပါ ကိုယ်စားပြုပြီး ဝမ်းသာ အားရ ကြိုဆိုနှုတ်ခွန်းဆက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာမှာ Information Technology တွေက "ကမ္ဘာရွာကြီး" ဖြစ်တဲ့အထိ လျင်မြန်စွာ ဆက်လက်လှုပ်ရှားနေကြပေမယ့် စာကြည့်တိုက်များရဲ့ အခန်းကဏ္ဍကတော့ ဆက်လက်ရှင်သန်ဆဲပဲ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ ကိုယ့် အခြေအနေပေါ်မှာ ရပ်တည်ပြီး ဖြစ်နိုင်တဲ့အခြေအနေ ပြည်သူများရဲ့အသိပညာ တိုးပွားအောင် မြို့ရွာနဲ့ တောကျေးလက်များမှာ စာကြည့်တိုက်များ ဖွံ့ဖြိုးရေးဟာ မရှိမဖြစ် လိုအပ်ဆဲပဲ ဖြစ်ပါတယ်။

ဒါကြောင့် စာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် စာတမ်းခြောက်စောင်ကို နှစ်ရက်ခွဲပြီး ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ဖတ်ကြားမယ့် စာတမ်းများ ကတော့–

(၁) ဦးမြင့်ကြိုင် – **လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးတွင် စာကြည့်**
ညွှန်ကြားရေးမှူး **တိုက်များ၏ အခန်းကဏ္ဍ အရေးပါပုံ။**
အမျိုးသားစာကြည့်တိုက်

(၂) ဦးသိန်းလွင် – **စာကြည့်တိုက်မှူးများ၏ ပညာစွမ်းရည်**
ဌာနမှူး **တိုးတက်မြင့်မားရေး**
စာကြည့်တိုက်နှင့်
သုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ်

mgyoe.com

mgyoe.com SAMPLE BOOK

(၃) ဦးကျော်ဇေယျ – နယ်လှည့် စာကြည့်တိုက်များ၊
စာတည်းမှူး ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးရေး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန

စာတမ်းရှင်များရဲ့ စာကြည့်တိုက်အတွေ့အကြုံများဟာ ၎င်းတို့အသက် အရွယ်နှင့်အမျှ ရရှိလာခဲ့ကြသူများ ဖြစ်ပါတယ်။ ဒါကြောင့် စာတမ်းရှင်များရဲ့ စာတမ်းများနှင့် စပ်လျဉ်းပြီး လိုသည်များကို ဖြည့်စွက်ပေးကြဖို့၊ မှားသည်ရှိလျှင် ပြင်ပေးကြဖို့၊ စာကြည့်တိုက်ဖွံ့ဖြိုးရေး၊ ပြည်သူများ အသိပညာရရှိရေး၊ အေး ချမ်း သာယာတဲ့ အနာဂတ်မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ စာကြည့် တိုက်များရဲ့ အခန်းကဏ္ဍ ပိုမိုတောက်ပြောင်လာစေဖို့ အပြုသဘော ဝေဖန် ဆွေးနွေး မေးမြန်းကြဖို့ ပြောကြားလိုပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာနဟာ ခရိုင်ပေါင်း ၆၁ ခရိုင်၊ မြို့နယ်ပေါင်း ၃၀၅ မြို့နယ်၊ မြို့နယ်ခွဲ ခြောက်ရုံးမှာ စာကြည့်တိုက်များ ဖွင့်လှစ်ပြီး မြန်မာတစ်နိုင်ငံလုံး နယ်စပ်ဒေသပါ မကျန် ပြည်သူများ အသိပညာဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့စာကြည့်တိုက်များအဖြစ် ဖွင့်လှစ်ရာမှာ "ပညာဘဏ်စာကြည့်တိုက်"များ အဖြစ် ပြည်သူများ အသိပညာဗဟုသုတ အခမဲ့ရရှိရေး ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒီကနေ့ကျင်းပတဲ့ စာကြည့်တိုက်ဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲရဲ့ ရည်ရွယ် ချက်ဟာ အရည်အသွေးနဲ့ အမျိုးအစားကောင်းမွန်တဲ့ စာကြည့်တိုက်များ ဖြစ် ပေါ်ထွန်းကားရေး၊ အမျိုးသားစရိုက်များ ရှင်သန်ထက်မြက်ရေးကို ခေတ်သစ် စာကြည့်တိုက် ဝန်ထမ်းများနဲ့ စာဖတ်ပရိသတ်တို့မှာပါ တာဝန်ရှိတယ်ဆိုတဲ့ အချက်ကို သတိမူနိုင်ဖို့ ရည်ရွယ်ရင်းဖြစ်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထည့်သွင်းမှာကြားသွားပြီး ဖြစ်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောကြားလိုတာကတော့ စာတမ်း ရှင်များရဲ့ တင်ပြချက်များကို တက်ရောက်လာကြသူများက လေ့လာဆွေးနွေး မေးမြန်းကြဖို့နဲ့ စာကြည့်တိုက်ဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲရဲ့ ရည်ရွယ်ချက် အောင် မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ မှာကြားအပ်ပါတယ်။

**စာကြည့်တိုက်ဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲ၊ မေလ၊ ၂၀၀၀၊ စာပေဗိမာန်။**

❒

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာစာရေးဆရာတို့၏ ကလောင်မှ
# အမှာစာ

မြန်မာမင်းများလက်ထက်တွင် ရဟန်းဖြစ်လျှင် ရဟန်းဘွဲ့ဖြင့် ကျမ်းပြု တတ်ကြသည်။ လူဖြစ်လျှင် နာမည်ရင်းဖြင့် ဖြစ်စေ၊ မင်းပေးဘွဲ့ဖြင့်ဖြစ်စေ ပျို့၊ကဗျာလင်္ကာအစ ကျမ်းစာအဆုံး ပြုစုတတ်ကြသည်။

ကိုလိုနီခေတ်ရောက်သောအခါ စာရေးသူတို့သည် အမည်ဝှက် သို့မဟုတ် ကလောင်နာမည်ကို ထူးထူးခြားခြား သုံးလာကြသည်။ ကလောင်နာမည် သုံးခြင်းမှာ အမည်ရင်းကို ထိမ်ချန်လို၍ လူမသိစေလို၍ ဖြစ်သည်။

ပမာဆိုသော် ကိုလိုနီဦး မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်သော အောက်မြန်မာပြည်သို့ မန္တလေးမှ သုဓမ္မာဂိုဏ်းဝင် သင်္ဃာဆရာတော် ကြွရောက်တရားဟောခဲ့ဖူးလေသည်။ ဆရာတော်ကို အကြောင်းပြု၍ လူပုဂ္ဂိုလ် အချို့က သင်္ဃာစကားပုံစာအုပ် ရေးသားထုတ်ဝေခဲ့ရာ လူကြိုက်များ၍ အရောင်းတွင်ခဲ့လေသည်။ တစ်ခုဆိုစရာရှိ၏။ ထိုစဉ်က အောက်မြို့ ကျေးရွာများတွင် တိုးပွားဖြစ်ထွန်းလာသော ဒွါရဂိုဏ်းကို ထိခိုက်သော အကြောင်းအချက်များ (စာအုပ်တွင်) ပါသည်ဟူ၍ ဒွါရဂိုဏ်းဝင်များမှာ မခံမရပ်နိုင်ဖြစ်ရကြောင်း ဆိုလေသည်။ ထိုအကျိုးဆက်ကား ဦးနတ်သားအမည်ခံ ပုဂ္ဂိုလ်က ဥက္ကံသမာလာကျမ်းနှင့် ဇာဂရိယကျမ်းအမည်ဖြင့် ပြန်လှန်ချေပသောစာအုပ် ထွက်လာခြင်းပင် ဖြစ်သည်။ ထိုဦးနတ်သားသည် ရဟန်းဝတ်ခဲ့ဖူး၍ ဒွါရဆရာတော်ကြီးကို ကြည်ညိုသူဖြစ်သည်။ ရဟန်းဘဝမှ လူဝတ်လဲ၍ တိရစ္ဆာန်ကု ဆရာဝန်အဖြစ် အသက်မွေးသူဖြစ်သည်။ ဦးထွန်းဖေဟု ခေါ်ကြ၏။

ဒုတိယ နမူနာပေးရဦးမည်ဆိုသော် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးနှင့် သူ့စာများ ဖြစ်လေသည်။ ထေရာ ဘာသာပြန်၊ ပါဠိအဘိဓာန် စသည့် ကျမ်း

mgyoe.com

mgyoe.com SAMPLE BOOK

များကို အမည်ရင်းဖြင့်ရေးခဲ့သည်။ ခင်မြင့်ကြီး၀တ္ထု၊ သန်းသန်း၀တ္ထု စသည့် ၀တ္ထုများကို မန္တလေးမောင်ခင်မောင် ကလောင်အမည်ဖြင့် သူရေးခဲ့သည်။ ဒဂုန်မဂ္ဂဇင်းမှ အမျိုးသမီးကဏ္ဍ ဆောင်းပါးများကို မန္တလေး ခင်တုတ်၊ ရန်ကုန် ခင်ဆွေ အမည်များဖြင့် သူရေးခဲ့သည်။ ဤသည်မှာ ကဏ္ဍအလိုက် ဆီလျော်ရာ အမည်သုံးခြင်း (ဝါ) ကျမ်းစာအုပ်များတွင် ခံ့ခံ့ညားညား လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးဟူသော နဂိုအမည်ကို သုံးခြင်း၊ အချစ်အကြိုက်ဝတ္ထုတွင် နုနုယဉ်ယဉ် ကလောင်အမည် ယူခြင်း၊ မဂ္ဂဇင်း အမျိုးသမီးကဏ္ဍတွင် ဣတ္ထိလိင်အမည်ကို သုံးခြင်းဟု ယူဆစရာရှိလေသည်။

ဤတွင် ၁၉၂၄ ခုနှစ် တစ်ဝိုက်လောက်က ဖေယျခေါ် ဆရာယော ထုတ်ဝေသော ဖေယျသတင်းစာတွင် မျက်နှာဖုံး (ဝါ) ကလောင်အမည်သုံး၍ စာရေးခြင်းအားဖြင့် စာရေးသူအဖို့ သိက္ခာထိန်း မထိန်း ပြဿနာအကြောင်းကို ပီမိုးနင်း၊ ဦးဖိုးကျား၊ သီလဝ၊ ဖေယျတို့ပါဝင်၍ အချေအတင် ဆောင်းပါးရေးခဲ့ဖူးလေသည်။

မည်သို့သောရည်ရွယ်ချက်ဖြင့် စာရေးသူများက ကလောင်အမည်သုံး၍ စာရေးကြသည်ဖြစ်စေ စာကြည့်တိုက်မှူးများက စာရေးသူ၏ အမည်ရင်းကို သိထားလိုကြသည်။ စာဖတ်သူများကလည်း ဤအတိုင်း စိတ်ထားရှိကြသည်။ အကြောင်း မှာ စာရေးသူ၏ ပညာအတိမ်အနက်၊ ဂုဏ်သိက္ခာ၊ နောက်ကြောင်း ရာဇဝင်ကို ချင့်ချိန်လိုသောကြောင့်ဖြစ်သည်။ ယခု ဦးသော်ကောင်းနှင့်အဖွဲ့ ပြုစုလိုက်သော စာအုပ်မှာ စာရေးသူ၊ စာရေးဆရာများ ခံယူထားသော ကလောင်အမည်များ အကြောင်း ဖြစ်ရာ စာကြည့်တိုက်မှူး အချင်းချင်းအတွက် ဖြစ်စေ၊ စာဖတ်သူများအတွက် ဖြစ်စေ အကျိုးကျေးဇူးများလိမ့်မည် မချွတ်ကေန် ဖြစ်လေသည်။

မြန်မာစာရေးဆရာတို့၏ ကလောင်၊
နိုဝင်ဘာ၊ ၁၉၉၉။

□

mgyoe.com

mgyoe.com SAMPLE BOOK

## သိပ္ပံမောင်ဝနှင့် သူ၏စာစုမှ အမှာစာ

ယခုခေတ်ကာလမှာ ရှေးခေတ်နှင့် မတူ။ စာရေးဆရာများ၊ သုတေသီများသည် လုံးချင်းစာအုပ် တစ်အုပ်ပြီး တစ်အုပ် ထုတ်ဝေလျက်ရှိကြသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သုတေသနစာစောင်အသီးသီးတွင်လည်း သူတို့၏စာများ မကြာခဏ ပါလေသည်ပင်။ ထိုစာများကို စာကြည့်တိုက်အချို့က ဘဏ္ဍာရေးအင်အားအလိုက် ဝယ်ယူသိမ်းဆည်းကြလေသည်။

သိပ္ပံမောင်ဝသည် အထက်တန်းကျောင်း၊ ကောလိပ်ကျောင်း၌ နေစဉ်ကတည်းကပင် သတင်းစာ ဂျာနယ် မဂ္ဂဇင်းများတွင် ကလောင်အမည်အမျိုးမျိုးသုံး၍ စာရေးသားခဲ့ပြီး ကျောင်းမှထွက်၍ I.C.S အိန္ဒိယပင်ိုညာဉ်ခံ ဝန်ထမ်းအဖြစ် မြန်မာနိုင်ငံအနှံ့ အမှုထမ်းပြန်လေသောအခါ၌လည်း စာရေး မပြတ်ခဲ့ပါလေ။ ထိုစာများမှာ ဆောင်းပါး၊ ပြဇာတ်၊ အက်ဆေး၊ ခရီးသွားမှတ်တမ်း၊ သုတေသနစာတမ်း၊ အချင်းချင်းပေးစာ၊ အတ္ထုပ္ပတ္တိစာ ဟူ၍ စာအမျိုးအစားစုံပြီး စာဦးရေမှာလည်း များပြားလှလေသည်။

ဤတွင် သူ့စာအချို့သည် ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် နှစ်ခေတ်စလုံးတွင် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခံခဲ့ရသည်။ တစ်ဖန် သူ့စာများမှာ အရေးအသား ပေါ့ပါးရှင်လန်း၍ လူ့သဘော၊ လောကသဘော ပီသလေသောကြောင့် လူသိများ၊ လူကြိုက်များကြသည်။ ထို့ကြောင့် စာအုပ်ဆိုင်များတွင် သူ့စာအုပ်များ တစ်ခုမရှိ တစ်ခု ရှိတတ်လေသည်။ စာကြည့်တိုက်ကြီး များတွင်ကား သူ၏စာအုပ်များ အမြဲမပြတ်ရှိနေသည့်အပြင် သူ့စာများ ပါတန်ကောင်းသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာစောင်များလည်း စုဆောင်းထား

mgyoe.com

ရှိလေသည်။ ထိုအခါ သူ့စာအုပ်ကို ဖတ်ရှုလိုသူသည် စာကြည့်တိုက် ကတ်တလောက်ကို ကြည့်၍ လိုရာရှာဖွေ တွေ့ရှိနိုင်လေသည်။ အခက်အခဲတစ်ခု ကားရှိ၏။ လုံးချင်းစာအုပ်အဖြစ်သို့ မရောက်သေးဘဲ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာစောင်များထဲတွင် ခိုအောင်းလျက်ပင် ရှိသေးသော သူ့စာများကို ဖတ်လိုသည့်အခါ ဘယ်သတင်းစာ၊ ဘယ်ဂျာနယ်၊ ဘယ်မဂ္ဂဇင်း၊ ဘယ်စာစောင်တွင် ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်က ပါသည်ကို လွယ်လွယ်နှင့် မသိနိုင်ခြင်း ဖြစ်သည်။

ထိုအခက်အခဲကို ကျော်လွှားနိုင်အောင် စီမံသူမှာ ဦးမြင့်ကြိုင်ပင် ဖြစ်လေသည်။ သူသည် စာကြည့်တိုက် ဘွဲ့လွန်ဒီပလိုမာအတွက် သိပ္ပံမောင်ဝ စာစုစာရင်းကို ပြုစု၍ ဆိုင်ရာသို့တင်ပြခဲ့လေသည်။ ထိုစာစုစာရင်းတွင် သိပ္ပံမောင်ဝရေးခဲ့သမျှ စာများကို သူ လက်လှမ်းမီသမျှ စုဆောင်းတင်ပြထားလေသည်။ ယခုသော် ထိုစာစုစာရင်းကို အခြေပြု၍ စာအုပ်အဖြစ် ထုတ်ဝေလိုက်လေပြီ။ စာအုပ်ကို လှန်ကြည့်လိုက်ပါလေ။ စာရှာသူ လိုရာအတွက် ဘယ်သတင်းစာ၊ ဘယ်ဂျာနယ်၊ ဘယ်မဂ္ဂဇင်း၊ ဘယ်စာစောင်တွင် ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်က ပါသည်ကို စုံစုံစေ့စေ့ ညွှန်ပြပေးပေလိမ့်မည်။

**သိပ္ပံမောင်ဝနှင့် သူ၏စာစု၊**
**ဝါမိုးအောင်စာပေ၊ ၁၉၉၅။**

□

mgyoe.com SAMPLE BOOK

# ဟိုရှေးအယ်လက်ဇန္ဒရီးယား (ဂရိခေတ် စာကြည့်တိုက်)

## (၁)

*အလင်းရောင်သည် ထွန်းပါစေသတည်း ...*

**ဓမ္မယောင်းကျမ်း**

ပစ္စုပ္ပန်သည် အတိတ်၏ သားမြေးသာတည်း။

သည်စကားသည် လူသူတတွေ အသုံးများသဖြင့် ရိုး၍ နေပေသည်။ အဆက်အသွယ်ကို လေးလေးပင်ပင် မစဉ်းစားဘဲ အသုံးများသဖြင့် ပေါ့ပေါ့တန်တန်လည်း ဖြစ်နေပေသည်။ အို ... တချို့ကလည်း အတိတ်ကို ပြက်ရယ်ပြုချင်ဟန် တူပါသည်။ အတိတ်နှင့် ပစ္စုပ္ပန်၏ အလျဉ်ဆက်မှုကို မသိကျိုးကျွန်ပြုကြပါသည်။

တစ်ဆယ့်ကိုးရာစု နောက်ပိုင်း၊ ဥရောပသားတို့သည် ရေနွေးငွေ့ကလေးအစ၊ ကမ္ဘာ့ဒေသန္တရ အကြားအမြင်ကလေးအစ ဆိုသလို အောင်မြင်မှုအနည်းအကျဉ်းရခဲ့သည်တွင် သူတို့ခေတ်သည် တိုးတက်ခြင်း၏ "အဆုံးအန္တိမ" ဟု သဘောရောက်ခဲ့ကြပေသည်။ သူတို့အစွမ်းကို အယုံကြီးယုံ၍ ရှေးအတိတ်ကို ကျော်ခိုင်းခဲ့ကြပေသည်။ အမှန်ဆိုသော် ဟိုရှေးလူကြီးသူကြီးများသည် ခုခေတ်၏ ခဲရာခဲဆစ်မျိုးထက် အဆတစ်ထောင်ကြီးသော အယူမှား၊ ဝါဒမှား၊ ဖိစီးနှိပ်စက်မှုတွေ အကြားမှ တစ်ခုတည်းသော တရားအမှန်၊ တစ်ခုတည်းသော တရားအမှန်သို့ ပေါင်းစုသော ပညာလက် တက်တွေကို မနားမနေ ရှာဖွေခဲ့ကြသည်။ သည်လို အတိတ်ကိုပယ်၍ ပစ္စုပ္ပန် ကိုသာ ထောမနာနေခဲ့ပါသော် ကမ္ဘာစောင့်နတ်မင်း၏ ရယ်မောဖွယ်ရာသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်သည် အတိတ်ဆောင်ရလိမ့်မည်။ အတိတ်ဆောင်မည် ဆိုသော်လည်း ကိုယ့်စခန်း၊ ကိုယ့်လမ်းနှင့် လျော်ရာ ရှေးအတိတ်ပြတိုက်၊

mgyoe.com

စာကြည့်တိုက်ရေးရာကို ပြန်ပြောင်းပြောလိုပေသည်။ အထူးသဖြင့် ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်က အကျော်တစောဖြစ်ခဲ့သော အယ်လက်ဇန္ဒရီးယားမြို့ပြတိုက်၊ စာကြည့်တိုက် လုပ်ငန်းဆောင်တာကို ပြန်ပြောင်း ပြောလိုပေသည်။

အယ်လက်ဇန္ဒရီးယားသည် ကင်းဝန်မင်းကြီးအခေါ် "နိုင်ငံ အီဂျစ်"တွင် ရှိသည် မှန်ပါ၏။ သို့ရာတွင် ခေါမစစ်ဘုရင် အယ်လက်ဇန်းဒါးက အီဂျစ်တိုင်းသားတို့အပေါ် စစ်ပြုနိုင်နင်း၍ သူ့အမည်ပေးကာ ပြုစုပျိုးထောင် ခဲ့ရပေသည်။ သည့်နောက် တော်လယ်မီနန်းဆက်က ဆက်လက် အမွှမ်းအမံ ပြုပြင်ပေသည်။ သူတို့၏အားပေးမှုကြောင့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ ထွန်းကားလာတော့ရာ ရှေးခေတ် အနီးအပါးနိုင်ငံများမှ ပညာလိုလားသူတို့ စုဝေးရာ ဖြစ်လာခဲ့လေသည်။ ဤတွင် ဟိုရှေးအီဂျစ်တိုင်းသားတို့နှင့် ခေါမတို့၏ ကွဲပြားမှုကို သတိထားမိပါ၏။ အီဂျစ်တိုင်းသားတို့သည် ရှေးဟောင်းအယူဝါဒတွေ အောက်မှာ နစ်မွန်းကာ ဘုန်းကြီး၏ ဂါထာမန္တရားကို အမေးအမြန်းမရှိဘဲ နှုတ်ကပတ်တော်ကဲ့သို့ ခံယူကြပေသည်။ ကွယ်လွန်သူ၏ ဝိညာဉ် ပြန်ဝင်လာနိုင်ရန်အတွက် ဆေးစိမ် ပြုပြင်ထားသော အလောင်းကောင်များ၊ တိရစ္ဆာန်ကို ကိုးကွယ်မှု စသည်တို့သည် ပင် သူတို့၏ အယုံအကြည်ကို သက်သေထူနေသည် မဟုတ်ပါလား။ ခေါမတို့မှာမူ သူတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်လျက် "ဘာမဆို စစ်ဆေးကြည့်ရမယ်၊ စောဒကတက်ကြည့်ရမယ်၊ လွတ်လပ်စွာ တွေးခေါ်မှုအတွက် အတားအဆီးဆိုတာ မရှိစေနဲ့"ဟု ပြောလေသည်။ ပြောသည့်အတိုင်းလည်း လုပ်လေသည်။ သူတို့၏ ဇာတိချက်ကြွေ အောသင်ယဉ်ကျေးမှုကို အပထား ပါတော့။ ခု အီဂျစ်ပြည်တွင်း အယ်လက်ဇန္ဒရီးယားကို မြို့ကွက်ချကာ ကျန်းမာရေးနှင့် ညီညွှတ်အောင် ရေ၊ မီး၊ လမ်း၊ အဆောက်အအုံတို့ကို စတင်၍ စနစ်တကျ လုပ်လေသည်။ ဖြောင့်ဖြူးနေသော လမ်း၊ နေရိပ်ခိုရန် သစ်ပင်တန်း များ၊ ပန်းခြံ၊ ကျောက်ရုပ်တု၊ ဇာတ်ရုံ၊ ပြတိုက်၊ စာကြည့်တိုက်တွေ တဖြည်းဖြည်း ပြည့်လာလေသည်။ သို့ကလို သာယာလှျောက်ပတ်လှသော မြို့ကို အဘယ် ပညာကျော် ခရီးသည်၊ ပန်းချီဆရာ၊ အလှအပမက်သူတွေမလာဘဲ ရှိပါမည် နည်း။ လူဦးရေ သုညမှ နှစ်သိန်းငါးသောင်း တက်လာသည်။ ကိုယ်တွေ့မျက်မြင် ခေါမဆရာကြီး တစ်ဦးက "အခြားမြို့တွေကို အယ်လက်ဇန္ဒရီးယားနဲ့ စာလိုက်လျှင် တောရွာသာသာလောက် ရှိသည်"ဟု မှတ်တမ်းတင်ခဲ့သည်မှာ မဆန်းတော့ပေ။

mgyoe.com

mgyoe.com SAMPLE BOOK


## (၂)

အယ်လက်ဇန္ဒရီးယားပြတိုက်နှင့် စာကြည့်တိုက်တို့ကား ယခုမရှိပါပြီ။ သမိုင်းဆရာ ပလူတာ၏ အဆိုအရ ရောမစစ်ဘုရင် ဂျူလီယပ်ဆီဇာနှင့် အီဂျစ်သားတို့၏စစ်ပွဲတွင် မီးလောင်ပျက်စီးခဲ့လေပြီ။ သည်လို ကွယ်ပျောက်ခဲ့ပြီဖြစ်သော်လည်း မှတ်တမ်းရေးခဲ့သူများ၏ ကျေးဇူးကြောင့် ကျွန်တော်တို့တတွေ တို့တို့တိတိ သိနေပေသည်။ သိရသည်လောက်ကိုပင် စိတ်ကူးကြည့်ယူရပေတော့သည်။ ပြတိုက်သည် မင်းပိုင်းတွင်ရှိ၍ မြေထဲပင်လယ်ကမ်းစပ်ကို မျက်နှာမူနေပေသည်။ အဆောက်အဦနှင့်ဆက်၍ စကြံလျှောက်စရာလမ်းငယ်တွေ၊ ပန်းပေါင်းမိုး၊ စာအေးအေးလှူလှူနှင့် ဖတ်နိုင်ရန် ထောင့်ကွယ်တွေထည့်ပေးသည်။ ပြတိုက်အဖွဲ့ဝင်များသည် အလယ်ခန်းမကြီးတွင် စားသောက်ကြရင်းလည်းကောင်း၊ ကိုယ့်ခြံဝင်း စွန်ပလွံပင်ရိပ်အောက်တွင်လည်းကောင်း စုရုံးပြီး ဆိုင်ရာပညာတွေကို ဆွေးနွေးလေ့ရှိသည်။ ဆေး၊ နက္ခတ်၊ သင်္ချာအတတ်တွေကို ပြတိုက်တွင် ပို့ချ၍ ကုန်သမျှစရိတ်တွေကို နှစ်စဉ်မှန်မှန် အစိုးရက ထုတ်ပေးလေသည်။ စာကြည့်တိုက်မှာ ပြတိုက်နှင့် ကပ်နေပေသည်။ တော်လယ်မီဘုရင်ကိုယ်တိုင်က ခေါ်မသြဇာရိပ်လွှမ်းမိုးရာ ဒေသတစ်ဝိုက်တွင် ငွေကုန်ကြေးကြခံပြီး စာအုပ်တွေ ဝယ်ယူစုဆောင်းစေကာ စာကြည့်တိုက်အင်အားကို ဖြည့်တင်းလေသည်။ စာအုပ်ဦးရေ လေးသိန်းရှိသော စာကြည့်တိုက်ကို ရှေးခေတ်တွင်ဖြင့် အပြည့်စုံဆုံးဟူ၍ အမှတ်ပြုကြရပေသည်။

ပြတိုက်နှင့် စာကြည့်တိုက်သည် ယခုခေတ်တက္ကသိုလ်၏ မျိုးစေ့ဟု ဆိုလေရာသည်။ ပြတိုက်သည် သိပ္ပံပညာရပ်များ ဌာနဖြစ်၍ စာကြည့်တိုက်သည် ဝိဇ္ဇာပညာရပ်များဌာနသဘော သက်ရောက်ပေသည်။ ယခုခေတ် တက္ကသိုလ်တို့တွင် ပို့ချနေသော ပညာရပ်တို့တွင် အယ်လက်ဇန္ဒရီးယားပြတိုက်၊ စာကြည့်တိုက် လက်ရာသည် အတိုင်းသားပေါ်နေပေသည်။ ဘယ်ပုံဘယ်နည်း ဖြစ်လာသနည်း။ ယူကလစ်သည် စက်ဝိုင်း၊ ထောင့်မှန်တြိဂံတို့၏ ဂုဏ်ထူး၊ စိတ္တိတကထာတွေကို ကြံဆပြီး ဂျီသြမေတြီပညာကို ပျိုးထောင်သည်။ အာရတော့သိနီသည် ကမ္ဘာမြေကြီး၏အကျယ်အဝန်းကို တိုင်းရာ အချင်းအမှန်နှင့် မိုင်ငါးဆယ်လောက်နီးအောင် တိုင်းထွာနိုင်ခဲ့သည်။ ဟစ်ပါးကတ်သည် နက္ခတ်တာရာ မြေပုံနှင့် မာတိကာလုပ်သည်။ ဟီရိုသည် ပထမဦးဆုံး ရေနွေးငွေ့ဖြင့် မောင်းသောစက်ကို ကြံစည်သည်။ ဆိုင်ရေကျူးမြို့သား အာခိမိဒိသည် ရွှေနှင့် အခြားဓာတ်သတ္တုတို့၏ အလေးအချိန်အဆကိုတွေ့ခဲ့၍ ပြတိုက်နှင့် စာပေးစာယူအမြဲ ရှိခဲ့သည်။ ဟီရို ဖီးလပ်သည် လူ့ခန္ဓာအစိတ်အပိုင်းတွေကို ခွဲစိတ်ကုသပြီး သွေးလွှတ်ကြော

mgyoe.com

နှင့် သွေးပြန်ကြောအကြောင်းကို ပထမဦးဆုံး ရှင်းပြခဲ့လေသည်။ သည့်ပြင် သမိုင်းဆရာ၊ ကဗျာဆရာတို့၏ အမည်နာမတို့မှာလည်း မနည်းပြီ။ သည်ပါရမီ ရှင်တို့၏ ကြံဆသမျှနှင့် နှောင်းခေတ်တွင် ထပ်မံဖြည့်စွက်ချက်တို့သည် ကျောင်းသုံးစာအုပ် တွေထဲသို့ ရောက်နေပေသည်။

သို့သော်လည်း အယ်လက်ဇန္ဒရီးယားတွင် နှစ်တစ်ရာ၊ နှစ်ရာအတွင်း ပြုစုခဲ့သော ပညာရပ်များကို ရပ်ဝေးဒေသတို့မှ မသိခဲ့ကြပေ။ အဆက်အသွယ် နည်းပါးသော ရှေးခေတ်တွင် သည်ပညာတွေသည် ကိုယ့်နေရာနှင့် အနီးအပါး တိုင်းပြည်များဌာသာ စုနေခဲ့ပေသည်။ တစ်ကြောင်းမှာလည်း နောက်ခေတ်များ တွင် စစ်မက်ဖြစ်ပွားနေခဲ့သဖြင့် ပညာနယ်ပယ် ကျယ်ပြန့်ဖို့ အခါအခွင့်မသာနိုင် ပါလေ။ သည်လိုနှင့် နှစ်ပေါင်းတစ်ထောင်ကျော်မျှ အယ်လက်ဇန္ဒရီးယားပညာရှင် တွေ ပျိုးခဲ့သောမျိုးစေ့သည် ဖုံးကွယ်နေရသည်။ ပြန်လည် ဆန်းသစ်သည့် ခေတ်ရောက်ခါမှ လန်းလန်းရှင်ရှင်ဖြစ်ကာ အညွန့်အတက် ထွက်ပြူလာရ၏။ သည့်နောက်တွင်ကား လူ့ဘောင်တစ်ခုလုံး အယူအဆဟောင်းတွေကို ပြောင်း လဲပစ်သည်အထိ ပညာအပင်သည် ထွားကျိုင်းရင့်သန်လာလေတော့သည်။

(၃)

သည်နေရာတွင် စာဖတ်သူနှင့် အိုင်းရစ်ပြဇာတ်ဆရာ ဘားနတ်ရှောရေး "စီဇာနှင့် ကလီယိုပက်ထရာ" ပြဇာတ်မှ အခန်းတစ်ခန်းကို မိတ်ဖွဲ့ပေးဖို့ အခန့်သင့်ပေသည်။ အယ်လက်ဇန္ဒရီးယား ပြတိုက်နှင့် စာကြည့်တိုက်သည် ရောမစစ်ဘုရင်နှင့် အီဂျစ်တိုင်းသားတို့၏ စစ်ပွဲတွင် မီးလောင်ပျက်စီးခဲ့သည်ကို မှတ်မိသေးပါလိမ့်မည်။ အနှစ်နှစ်အလလက စုဆောင်းထားခဲ့သော စာအုပ်တွေ မီးထဲပါနေသည်ကို အီဂျစ်ဘုရင့်ဆရာဖြစ်သူ သီအိုဒိုးတပ်သည် ကြည့်မနေနိုင် ရှာ။ သူ့အမြင်တွင် ပညာတွေဖြင့် ဆုံးရှုံးကုန်လေပြီဟု နမြောတသမိလေသည်။ ထို့ကြောင့် ရင်ပတ်စည်တီးနှင့် စီဇာထံသို့ပြေး၍ အရေးဆိုလေသည်။ သူတို့ နှစ်ဦး အချီအချစကားပြောပုံမှာ ဤသို့တည်း။

**သီအိုဒိုးတပ်** ..."ဟောဟိုမှာ မီးလောင်နေတာတွေဟာ လူထုရဲ့ အသိ ဉာဏ်ထုကြီးပါ စီဇာ"

**စီဇာ**... "ရှက်စရာ အသိဉာဏ်တွေပဲ လောင်ပါစေ"

**သီအိုဒိုးတပ်** ...(ဝမ်းနည်းလှိုက်ဖိုစွာဖြင့်) "ရှေးအတိတ်ကို စီဇာ ဖျက် ပစ်တော့မလား"

**စီဇာ** ... "ဟုတ်တယ်၊ အတိတ်ရဲ့ပြာပုံမှာ ကျုပ် အနာဂတ်ကို တည် ဆောက်ယူမယ်"

mgyoe.com

ပြဇာတ်ဆရာ ရှောသည် အတိတ်ကို အစဉ်းစားအဆင်ခြင် ကင်းမဲ့စွာ လေးစားမှုကို ပြက်ရယ်ပြုလို၍ သူ့ဇာတ်လိုက်စီဇာကို အထက်ကအတိုင်း ပြောစေလေသည်။ တကယ်ဆိုသော် အယ်လက်ဇန္ဒရီးယားတွင် ပြုစုခဲ့သော ပညာရပ်များကို နှိမ်လိုသောသဘော ရှိဟန်မတူပါ။ ရှောသည် ဘဝသံသရာ၌ လှည့်လည်ရင်း အတိတ်ကို အကြောင်းမဲ့ ခင်တွယ်နေသူများကို နီးနီးကပ်ကပ် မြင်ခဲ့ပြီး မြင်ပြင်းကတ်မိလိမ့်မည်။ ကတ်လည်း ကတ်စရာပင်။ အကြောင်းမူကား အတိတ်မို့ ရှိသေရမည်။ အဟောင်းမို့ ကောင်းရမည်။ မိဘဘိုးဘွားက အစဉ်တစိုက် ပြောခဲ့၍ မှန်ကန်ရမည်။ ထုံးစံအစဉ်အလာရှိ၍ လုပ်ရမည်။ အဲဒီလိုလူစား၌ အဆင်ခြင်တရားသည် သုညသာ ဖြစ်၏။ အဲဒီလိုလူစားတွေသည် ကိုယ့်ရှေ့တွင် ခင်းကျင်းပြနေကြသော အဖြစ်သနစ်တွေကို ဆေးဖော်ကြောဖက်မှ မလုပ်ဘဲ အကြောင်းရှိလျှင် ပေထုပ်ကို လှန်လှောပြီး အဖြေကို အလွယ်တကူ ရှာလိုကြသည်။ ပေထုပ်ပညာရှိလုပ်ခြင်းသည် ရှေး အယ်လက်ဇန္ဒရီးယား ပညာရှင်တွေ အခြေခံထားသော သဘောနှင့် လားလားမှ အပ်စပ်၍မရနိုင်။ အယ်လက်ဇန္ဒရီးယား ပညာရှင်တွေသည် သူတို့ထက် အရင်ကျသော ပညာရပ်တွေကို ဘယ်တော့မှ ဖုတ်ပြီးကင်ပြီးသား လက်မခံခဲ့။ ခေါမစရိုက်အတိုင်း စေ့စေ့စပ်စပ် စစ်ဆေးကြည့်၊ နောက် ဆိုင်ရာ လုပ်ဖော်ကိုင်ဖက်ချင်းနှင့် ညှိနှိုင်းပြီးမှ သင့်သလို လက်ခံ အသုံးပြုကြသည်ဟု သိရပေသည်။ တကယ်ဆိုသော် အတိတ်သည် အသုံးဝင်နေသဖြင့်သာ သုံးစွဲနေကြရသည်။ သည်လိုမှ အသုံးမဝင်ပါလျှင် ကိုယ်ကာယ အညစ်အကြေးလို စွန့်ပစ်ဖို့သာ ရှိလေသည်။

အတိတ်ကို စွဲစွဲလမ်းလမ်း ခုံမင်သူတို့၏အခြားဘက်၌ အတိတ်ကို အရမ်းကာရော ပစ်ပယ်သူများလည်း ရှိလေသေးသည်။ သူတို့သည် ခုမျက်မှောက်၌ တွေ့ကြုံခံစားရသမျှသည် အတိတ်နှင့်ကင်း၍ မဖြစ်နိုင်သည်ကို မျက်စိစုံမှိတ်ထားကြဟန်တူပေသည်။ လူ့ကျင့်ဝတ်၊ စက်မှုလက်မှု တိုးတက်မှုတို့သည် နတ်ရေကန်ထဲကျ၍ တစ်ဟုန်တည်း ကြီးကြီးမားမား၊ ထုနှင့်ထည်နှင့် ဖြစ်လာကြသည် မဟုတ်ပေ။ ဘာမဆို အတိတ်ကို အခြေပြုရသည်။ အတိတ်မှလိုသမျှကို ယခုမျက်မှောက်တွင် ဖြည့်၍ယူသည်။ အနာဂတ်ကို ရှေ့ရှုပြီးသား ဖြစ်နေပေသည်။ သို့ဖြစ်၍ ခုပစ္စုပ္ပန်ကို ပေါ်ပေါက်စေသော အယ်လက်ဇန္ဒရီးယား၏ ရှေးအတိတ်ကို ဖော်ပြရခြင်း ဖြစ်ပါသတည်း။

*(တာရာမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၅၀)*

❐

mgyoe.com

mgyoe.com SAMPLE BOOK

# အင်္ဂလန်မှ စာကြည့်တိုက်တစ်ခု

*"စာကြည့်ပိဋကတ်တိုက် မည်သည် ရှေးသူတော်မြတ်များ၏ အတု အယောင်ကင်းသော အမွေအနှစ်တို့စုရာ ဌာပနာတိုက်တည်း"*

**ဘေကွန်**

စာရေးသူသည် အင်္ဂလန်ပြည်၌ စာကြည့်တိုက်များသို့ လှည့်လည် ကြည့်ရှု၍ စာကြည့်တိုက်အုပ်ချုပ်မှုပညာကို လေ့လာဆည်းပူးခွင့်ရခဲ့ဖူးပေသည်။ မိမိ တွေ့မြင်ခဲ့သမျှကို စာဖတ်သူများလည်း သိကြားချင်လိမ့်မည်ဟု တစ်ဆင့် ဖောက်သည်ချလိုပါသည်။

စာကြည့်တိုက်ဟု ဆိုရာတွင် နိုင်ငံတော်စာကြည့်တိုက်၊ တက္ကသိုလ် စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ဒေသန္တရ (ကောင်တီ) စာကြည့်တိုက်၊ မြူနီစီပယ်စာကြည့်တိုက်ဟူ၍ အမျိုးများပြားလှပါ၏။ အများပြည်သူတို့နှင့် လက်ပွန်းတတီး ဆက်ဆံရာ၌ မြူနီစီပယ်စာကြည့်တိုက်သည် အရေးအရာ ဝင်လှသည် ဖြစ်၍ မြို့အလတ်စားတစ်ခု (နော့တင်ဟမ်)မှ ဗဟိုစာကြည့်တိုက်ကို နမူနာယူကာ ရုပ်လုံးဖော်ပါရစေ။

ဗဟိုစာကြည့်တိုက်သည် လူအများစုဝေးရာနှင့် အလှမ်းလည်း မလှမ်းလွန်း၊ မနီးလည်း မနီးလွန်း အလောတော်နေရာ၌ ရှိပေသည်။ သဘောမှာ လူတိုင်း လူတိုင်း လွယ်လင့်တကူ လာရောက်နိုင်ရန် ဖြစ်ပါ၏။

ဗိသုကာမှု၌ အခြား အဆောက်အဦတို့နှင့် သဏ္ဌာန်မတူ၊ အလှအပ ပန်းခက်ပန်းနွယ်တို့နှင့်ကင်း၍ အချိုးကျကျနှင့် ဣန္ဒြေရပါ၏။ ပုံပန်းတစ်ခုလုံးတွင် အမိုးထိနီးပါးရှည်လျားသော မှန်ပြတင်းတို့ ပေါ်လွင်နေပေသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဝင်းဝတွင် စာကြည့်တိုက်အမည်နာမကို အဝေးက မြင်ရလေအောင် ချိတ်ဆွဲထားပါသည်။ ကျယ်ဝန်းသော ရှေ့ဥပစာ မြက်ခင်းပြင်တွင် မျက်စိပသာဒ ဖြစ်အောင် ပန်းပင်ကလေးများကိုလည်း အတန်းလိုက်၊ အတန်းလိုက် စိုက်ပျိုးထားပါသည်။ စာဖတ်သူသည် ဝင်းဝအနီးသို့ ရောက်လာလျှင် စိတ်ဝင်စားစရာ တစ်ရပ်ဖြစ်သည့် လက်တွန်းလှည်းထဲမှ ကလေးတွေ၊ သံတိုင်ကြိုးနှင့် လှည့်ထားရသော ခွေးကလေးတွေကို မြင်ရပေလိမ့်မည်။

စာကြည့်တိုက်အတွင်းတွင် စာအုပ်ရွေးနေကြသော ယောက်ျား၊ မိန်းမတို့ ရှိပေသည်။ သို့ပေမင့် သူတို့၏ လူမမယ်ကလေးများကို သူတို့ပေါင်ပေါ်တွင် တင်မထားနိုင်၊ ခွေးကလေးတွေကို အတွင်းသို့ ခေါ်မသွားနိုင်။ ထို့ကြောင့် ကလေးတွေ၊ ခွေးတွေသည် အလိုက်သိစွာနှင့် အပြင်မှ စောင့်နေကြရပါသည်။

ဤတွင် စာကားဦးသမ်း၍ ပြောရဦးမည်။

ပြည်သူ့စာကြည့်တိုက်အဖို့...

(၁) ဇာဝရမ်းသည့် ဌာန၊

(၂) စာကြည့်တိုက်အတွင်း၌ပင် စာလေ့လာ၊ အကိုးအကားပြုနိုင်ရန် အစီအမံလုပ်ပေးခြင်း၊

(၃) ခေတ်ပေါ်စာနယ်ဇင်း အပြည့်အစုံထားရှိခြင်း၊

(၄) ကလေးများအဖို့ စာကြည့်တိုက်သတ်သတ် ခွဲထုတ်ပေးခြင်းဟု လုပ်ငန်းလေးမျိုး ပိုင်းထားပါသည်။

ငှားရမ်းသည့် ဌာနကို လူအများဆုံး သုံးကြပါသည်။ မိတ်ဆွေစာဖတ်သူသည် သည်ဌာနတွင်းသို့ ဝင်ကြည့်ပါလေ။ နောက်ဆုံးထုတ် ဆေးရောင်စုံ စာအုပ်အဖုံးတွေကို မျက်စိဆွဲအောင် ခင်းကျင်းပြသထားသည်ကို လက်ဦး သတိပြုမိပါလိမ့်မည်။

လှပသော ရောင်စုံအဖုံးတွေတွင် အတန်ကြာအောင် စိတ်ဝင်စားမိပြီးနောက် စာဖတ်သူသည် စာအုပ်စင်များအကြား၊ ကုလားထိုင်တွင် အေးအေးလူလူ စာမြည်းနေကြသော ထိုထိုယောက်ျား၊ မိန်းမတို့နှင့် ရောနှောမိလိမ့်မည်။

စာကြည့်တိုက်ကောင်းဆိုသည်မှာ ကမ္ဘာ့ပညာစုံစုရာ ရတနာသိုက် ဖြစ်ပါသည်။ ဘယ်လိုအကြောင်းအရာနှင့် စာပုရပိုက်မျိုးလိုသည်ဖြစ်စေ လွယ်လင့်တကူ ရနိုင်သည်။

သို့ကလို လွယ်လင့်တကူရရာရအောင် ပမာဆိုသော် အထွေထွေ၊ သဘာဝတ္တ၊ ဘာသာရေး၊ လူမှုဆက်ဆံရေး၊ ဝေါဟာရဗေဒ၊ သိပ္ပံပညာ၊ စက်မှုလက်မှု၊

mgyoe.com

mgyoe.com

အနုပညာ၊ စာပေသမိုင်း စသည်ဖြင့် အမျိုးတူစု၊ အမျိုးမတူ ခွဲထားပါသည်။ ဂျူဝီ၏ အမှတ်သင်္ကေတများကိုလည်း တပ်ထားပေးပါသည်။

စာဖတ်သူသည် မြန်မာနိုင်ငံသမိုင်းစာအုပ်ကို လိုချင်ပါသော် သင်္ကေတအားဖြင့် ၉၀၀ သည် နိုင်ငံသမိုင်း၊ ၉၅၀ သည် အာရှသမိုင်း၊ ၉၅၉ သည် အိန္ဒိယအရှေ့နိုင်ငံများသမိုင်း၊ ၉၅၉–၂ သည် မြန်မာနိုင်ငံသမိုင်းဖြစ်ရာ သင်္ကေတကို သိထားနှင့်ပါက စာအုပ်စင်တွင် ချောချောမောမော တွေ့နိုင်ပါသည်။

ဘယ်သူရေးသည့် မြန်မာ့သမိုင်းကိုမဆို သည်သင်္ကေတနှင့် ရှာရသည်ချည်း ဖြစ်၏။ သိထားရအောင်လည်း စာရေးဆရာ ညွှန်း၊ အကြောင်းအရာ ညွှန်း၊ သင်္ကေတ ညွှန်း၊ သည်လို ညွှန်းပေးသည့် အညွှန်းကတ်တလောက်များ စီစဉ်ပေးထားပါသည်။ သို့ပေမယ့် တစ်ခါတစ်ရံ ကသိကအောက် ခဲရာခဲဆစ်ကလေးများနှင့် ရင်ဆိုင်ရတတ်ပါသေးသည်။

သည်အခါသော် စာကြည့်တိုက်လက်ထောက် အပျိုမကလေးတို့သည် စာဖတ်သူအား ကူညီရန် အဆင်သင့် ရှိနေပါသည်။ ဘယ်လောက်ပင် အလုပ်ထွေပြားနေစေကာ မောပန်းပြီးနေသည့် အမူအရာ မပြကြ။

ကောင်းပါပြီ။ စာဖတ်သူလိုချင်သော စာအုပ်လည်းတွေ့ရပြီ။ အိမ်သယ်ဖို့သာ လိုပါတော့သည်။

သည်အတွက် စာဖတ်သူ၏ ငှားလက်မှတ်နှင့် စာအုပ်အတွင်း ညှပ်ထားသော စက္ကူကတ်ပြားကလေးက ကိစ္စပြီးမြောက်စေပါသည်။ စက္ကူကတ်ပြားကလေးတွင် စာရေးဆရာ၊ စာအုပ်အမည်သင်္ကေတတို့ ပါလေရာ စာအုပ်ငှားရာ၌ ငှားလက်မှတ်နှင့် အဆိုပါ စက္ကူကတ်ပြားကလေးကို လက်ထောက်က သိမ်းယူပူးတွဲ၍ အစီအစဉ်နှင့် ရက်စွဲနောက်တွင် ထားလိုက်ပါသည်။ နှစ်ပတ်အကြာ စာအုပ်ကို ပြန်အပ်သည့်အခါ ငှားလက်မှတ်ကို စာဖတ်သူသို့ပြန်ပေး၍ စက္ကူပြားကလေးသည် ဆိုင်ရာစာအုပ်အတွင်းသို့ ပြန်ရောက်သွားပါသည်။

ငှားရမ်းသည့်ဌာနမှစာအုပ်ကို အိမ်သယ်သွားနိုင်သော်လည်း အကိုးအကားပြုဌာနမှ သယ်မသွားနိုင်။ တစ်နေရာ တစ်ဌာနစီဖြစ်ပါသည်။

သည်နေရာသည် ပြန်ကြားရေးလည်း ဟုတ်၊ အလုပ်စခန်းဌာနလည်း ဟုတ်ပေသည်။ စခန်းကို လူသံသူသံ၊ ကားသံစက်သံတို့မှ ဝေးနိုင်သလောက် ဝေးရစေ၏။ အလင်းရောင်၊ ထိုင်နေရာတို့မှာ လိုလေသေးမရှိစေရ။ စာအုပ်စင်၊ စာအုပ်အစီအစဉ်ကို အခန်း၏အနေအထားနှင့် ပဏာရစေပါသည်။

သည်ဌာနနှင့် အထူးတလည် ပတ်သက်သော အဘိဓာန်၊ ဗဟုသုတ

mgyoe.com


ပကာသနီကျမ်း၊ ပညာစွယ်စုံကျမ်း၊ မြေပုံ၊ နှစ်ပတ်လည်စာအုပ်၊ အစိုးရ ပြန်တမ်းများ၊ မဲစာရင်း၊ သတင်းစာဖြတ်ပိုင်း ဖိုင်တွဲများအပြင် ဆိုင်ရာပညာရပ်များနှင့် ပတ်သက်သော ကျမ်းစာအုပ်များ ထားရှိပေးပါသည်။ စာဖတ်သူအဖို့ သည်စာအုပ်တွေ၏ လက်ငင်းလုပ်ငန်းသည် "အမေးအဖြေ" ဖြစ်ပါ၏။

မိမိသိလိုသော အကြောင်းအရာအချက်အလက်အတွက် အချိန်အတိုဆုံးတွင် အဖြေရရန် ဖြစ်ပါ၏။ သို့ကလိုများပြားလှသော စာအုပ်စာတမ်း၊ ဖိုင်တွဲတို့မှ ကိုယ်လိုချင်ရာ အချက်အလက်ကို ထားဦး။ စာဖတ်သူတစ်ဦးတည်းနှင့် အလုပ် မနိုင်နင်းနိုင်။ ထို့ကြောင့် ဌာနလက်ထောက်ထံမှ မကြာခဏ အကူအညီ ယူရလေသည်။

လက်ထောက်သည် ဖျတ်လတ်ပေ့ါပါးသည်။ ယဉ်ကျေးဖော်ရွေသည်။ ဘယ်စာအုပ်တွင် ဘာရှာရမည်၊ ဘယ်လိုရှာရမည်ကို သိသည်။ လုပ်ငန်းသည် အမေးအဖြေတွင် ပြီးဆုံးသွားသည် မဟုတ်။ အလုပ်စခန်းလည်း ဖြစ်နေပြန်သည်။ သည်အခန်းတွင် ကျောင်းသား၊ အလုပ်သမား၊ ကုန်သည်၊ နိုင်ငံခြားသုတေသီတို့ ပေါသည်။ ဆိုင်ရာစာအုပ်စာတမ်းများကို စားပွဲပေါ်ချကာ မှတ်စုစာအုပ်များတွင် ကူးယူနေကြသည်ကို မြင်နိုင်ပါသည်။

တစ်နေကုန်တစ်နေခန်း လုပ်သူလည်း ရှိမည်။ ခဏနှင့်ထသွားသူလည်း ရှိမည်။ မည်သို့ပင်ဖြစ်စေ ငြိမ်သက်တိတ်ဆိတ်စွာနှင့် ပညာကို တကုတ်ကုတ် ထုတ်ယူနေကြသည်မှာ အားကျစရာဖြစ်ပါသည်။

ထပ်၍ ပြောရဦးမည်။ သည်ဌာနတွင် ဒေသဆိုင်ရာ စာအုပ်စာတမ်း၊ မြေပုံ စသည်တို့ကို သီးခြား စုဆောင်းထားပြန်ပါသည်။ ဆိုလိုသည်မှာ နော့တင်ဟမ်မြို့မျိုးတွင် နော့တင်ဟမ်နှင့် သက်ဆိုင်သမျှ စာအုပ်စာတမ်း အစရှိသည်တို့ကို ရနိုင်သလောက် သိမ်းဆည်းထားခြင်း ဖြစ်ပါ၏။ ဒေသ၏ သမိုင်း၊ ပထဝီ၊ တိရစ္ဆာန်ဗေဒ၊ ရုက္ခဗေဒတို့ကို သိချင်သူအတွက် အခွင့်ကောင်း ဖြစ်ပါသည်။

စာနယ်ဇင်းအခန်းမှာ သီသာလွယ်ပါ၏။ နိုင်ငံခြားစာစုံလင်၍ စင်တွင် အကန့်လိုက် ထည့်ထားပါသည်။ အကြောင်းအရာတစ်ခုကို အဆက်မပြတ် ဖတ်လိုပါမူ အဟောင်းအသစ် တောင်းယူကြည့်နိုင်ပါသည်။

ကျမ်းစာအုပ်တို့မှ ဗဟုသုတကို စာနယ်ဇင်းပါ နောက်ဆုံးအချက်အလက်တို့ဖြင့် ဖြည့်စွက်ယူနိုင်ပါသည်။ ကလေးစာကြည့်တိုက်မှာ သူတို့နှင့် လျောက်ပတ်မည့် ပုံပြင်ဝတ္ထု၊ ဗဟုသုတ ပကာသနီ၊ ကလေးသတင်းစာတို့ကို တစ်ခန်းတည်း ရောပြွမ်းထားပေးပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဤမျှဖြင့် မြူနီစီပယ်စာကြည့်တိုက်၏ လုပ်ရိုးလုပ်စဉ်ကို သိသာလောက်ပြီ။

စာကြည့်တိုက်နှင့် ပြည်သူ့ဆက်ဆံရေးသည် ချောမောသည်။ ထိုသို့ ချောမောအောင် နှစ်ဖက်စလုံးက အားထုတ်ကြပါသည်။

စာကြည့်တိုက်မှူးသည် စာဖတ်သူများ၏ ဗဟုသုတကို ဖြည့်၏။ အပေါင်းအသင်းဆန့်သည်။ ပြည်သူတို့၏ အလေ့အထ၊ ဝါသနာဘာဂီကို အမြဲ စိတ်ဝင်စားလျက် လိုအင်ဆန္ဒကို မဆိုင်းမတွ ဖြည့်စွမ်းပေးသည်။

ပြည်သူတို့ကလည်း သူ့တို့၏ တာဝန်ဝတ္တရားကို မမေ့မလျော့ကြပါ။ စာအုပ်တွေကို ဂရုတစိုက်ရှိခြင်း၊ စာကြည့်တိုက်အတွင်း ငြိမ်သက်စွာရှိခြင်း စသော စည်းမျဉ်းဥပဒေကို လိုက်နာကြပါသည်။ သည်လို တစ်ဦးကို တစ်ဦး အကျိုးပြုသည့် အလေ့အထကို အခြား တိုင်းကြီးပြည်ကြီးသားများက မချီးမွမ်းဘဲ မနေနိုင်ပါ။

စာကြည့်တိုက်သည် လုပ်ရိုးလုပ်စဉ်များနှင့် လမ်းဆုံးမနေဘဲ အပြင် လုပ်ငန်းများနှင့် အများအပြား ဆက်သွယ်နေပြန်ပါသည်။

စာကြည့်တိုက်သည် ယဉ်ကျေးမှုရေးရာတွင် ဗဟိုချက်မ ဖြစ်လေရာ လူငယ်များ အစည်းအရုံး၊ သက်ကြီးပညာသင်တန်း၊ ပြဇာတ်သဘင်၊ စာသင် ကျောင်း၊ ဟောပြောပွဲများ စသည်တို့နှင့် ရင်းရင်းနှီးနှီး ကူးလူးဆက်ဆံနေရ ပါသည်။

စာကြည့်တိုက်မှူးသည် ပေါ့ပေါ့တန်တန် ဘယ်ခါမှ နေလေ့မရှိ။ ပြည်သူ့ ယဉ်ကျေးမှု အဆင့်အတန်းမြင့်စေမည့် ကိစ္စဟူသမျှကို ဂရုတစိုက် လေ့လာရပါ သည်။ စာကြည့်တိုက်မှ ကမကထပြု၍ ပြဇာတ်လုပ်ပေးသည်။ သက်ကြီး သင် တန်းကျောင်းသို့ ကျောင်းသုံးစာအုပ် ငှားရမ်းသည်။ ပန်းချီပြပွဲတို့တွင် လူများ ပိုမိုသဘောပေါက်စေရန် ဆိုင်ရာပန်းချီအကြောင်း စာအုပ်များ ခင်းကျင်းပြသည်။ ဟောပြောပွဲတွင် လိုအပ်သည့် ဗဟုသုတ ရှိသင့်စေရန် ဆိုင်ရာစာရင်းစာအုပ်ကို အပူ၊ အနု အရင့်အလိုက် မှတ်စုတို့ဖြင့် ဖြန့်ချီသည်။ ထို့ကြောင့် ပြည်သူတို့က လည်း သူတို့ပညာဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်ကို ယုံကြည်အားထားပေ သည်။

*(တာရာမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၄၉)*

□

mgyoe.com

mgyoe.com SAMPLE BOOK

# ဗြိတိသျှပြတိုက် စာကြည့်တိုက်

## (၁)

ကျွန်တော့်တွင် ခင်မင်ရင်းချာသော အဘိုးကြီးမိတ်ဆွေတစ်ဦး ရှိခဲ့ဖူးသည်။ သူသည် အရွယ်အလိုက် ဣန္ဒြေကြီးသည်။ လေးလေးပင်ပင် စဉ်းစားသည်။ သို့ပေမယ့် ကျွန်တော့်လို လူငယ်လူရွယ်မျိုးနှင့်လည်း အရောတဝင်နေနိုင်သည်။ ကျွန်တော့်လို လူငယ်က ကိုယ်စိတ်သန်ရာပြောသည်ကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီး အဆုံး၌ ဖြည်းဖြည်းအေးအေး ပြန်ပြောတတ်သည်။ ကျွန်တော်ကိုယ့်စကားနှင့် ကိုယ် ထွေးလုံးပတ်လုံးဖြစ်ကာ မဆက်နိုင်တော့လျှင် သူက ကူညီဖေးမပြီး ပြေအောင်ဖြေပေးလေသည်။ သည်လိုနှင့် ဆွေမျိုးအရင်းအချာလို ဖြစ်ကာ ကျွန်တော်သည် သူ့အပေါ်၌ နေရာတကာ တိုင်ပင်အားကိုးမိလေသည်။ ကျွန်တော်သည် ဗြိတိသျှပြတိုက်စာကြည့်တိုက်ကို တွေးမိတိုင်း တွေးမိတိုင်း အဖသဖွယ်ဖြစ်နေသော သည်အဘိုးကြီးကို သွား၍ သတိရမိလေသည်။ ဟုတ်ပေသည်။ သက်မဲ့ဝတ္ထုနှင့် သက်ရှိဝတ္ထုဟူ၍သာ ကွာသည်။ မှီခိုထိုက်သည့်အရာ၌ကား သူတို့နှစ်ဦး အတူတူပင် ဖြစ်လေသည်။

ဗြိတိသျှပြတိုက် စာကြည့်တိုက်နှင့် ကျွန်တော် ဆုံစည်းမိပုံသည် မတော်တဆ မဟုတ်ပါလေ။ ဆောင်းရာသီကျောင်းပိတ်ရက်အတွင်း တောမှ လန်ဒန်သို့ ကျွန်တော် ရောက်လာသည်။ စာကြည့်တိုက်နှင့် စောစောပိုင်းကတည်းက အကျွမ်းတဝင်ရှိထားဖို့မှာ စကားထဲထည့်ပြောဖို့ရန်ပင် မလိုပါ။ ထို့ကြောင့် ထိုနေ့မနက်စာစားပြီးချိန်၌ ကျွန်တော်သည် မြူနှင်းများဝေနေသဖြင့် ဘတ်စ်ကားများ ရှေ့မီးကို ထွန်း၍ ဟွန်းသံ ဆူဆူညံညံပေးကာ သွားလာနေကြသည့် လမ်းကျယ်ဘက်မှ စာကြည့်တိုက်ရှိရာ ဂရိတ်ရပ်ဆယ်လမ်းထဲသို့ ချိုးဝင် လျှောက်လာခဲ့လေသည်။ ဘေးပတ်ဝန်းကျင်ကို သတိထားကြည့်ကာ အသံများနှင့် တဖြည်းဖြည်း ဝေးဝေးလာခဲ့ရာ မြူနှင်းများအကြား၌ တရေးရေးပေါ်နေသော စာကြည့်တိုက်ကို မြင်လာရတော့သည်။ နဂိုက စာအုပ်ထဲတွင် ဖတ်ထားရ၍ ကြည်ညိုနေမိသည့်

mgyoe.com

mgyoe.com

အထဲတွင် သည်လိုအထုအထည်နှင့်လည်း မြင်တွေ့ရပြန်၊ ပတ်ဝန်းကျင်နှင့်လည်း လျော်ကန်သည်ဖြစ်ရာ ပို၍ ကြည်ညိုစိတ် ပွားများလာပေသည်။

သည်အကြောင်းကို စာပေအရာ၌ ဖတ်ကျွမ်းမှတ်ကျွမ်းသူများ သိထားတန်ပါသည်။ ဝင်းတောင်ဘက် မျက်နှာချင်းဆိုင်တွင် အရှေ့တိုင်းစာအုပ်ဆိုင်တွေ အစီအရီနှင့် ရှိကြသည်။ ကျွန်တော် ရောက်ချိန်၌ ဒေါက်တာထင်အောင်ရေး "မြန်မာ့ရိုးရာပုံပြင်များ" စာအုပ်၊ တရုတ်စာပေသုခမိန် အာသာဝယ်လေ၏ ဘာသာပြန် တရုတ်ညွှန့်ပေါင်း ကဗျာစာအုပ်၊ ပရမတ်ဆရာကြီး ရာဒါခရစ်ရှနန်ရေး "အိန္ဒိယအဘိဓမ္မာကျမ်း"စာအုပ်များကို မှန်ပြတင်းပေါက်တွင် အပြိုင်အဆိုင်ပြထားသည်ကို မြင်ခဲ့ရသည်။ ဝင်းရှေ့ဘက်တွင် လန်ဒန်တက္ကသိုလ်၏ ခေတ်ဆန်သော အဆောက်အအုံ မားမားမြင့်မြင့်ရှိသည်။ ဝင်းအနောက်ဘက်လမ်းတွင် အင်္ဂလန်ပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာ အသင်းဌာနချုပ် ရှိသည်။ သည်မျှသာ မဟုတ်သေး။ ကဗျာသမား၊ ပန်းချီသမား၊ ဘာသာရေးဂိုဏ်းသမား၊ ပညာကျော်၊ စာမွေ့သူတတွေ ကျက်စားရာ၊ ငတ်ပြတ်ရာ၊ အရက်ချိုမြမြနှင့် ညဦးနက် သန်းခေါင်မရွေး ဆွေးနွေးရာ ဘလွန်စဘူရီအမည်ရှိ နာမည်ကျော် ရပ်ကွက်သည် ဤရပ်ကွက်ပင် ဖြစ်သည်။

သည်လို စာပေရေးရာ၊ ဘာသာရေးရာ ဝါဒသစ်၊ ဝါဒဟောင်း အလှယ်အကူး ပေါသည့် ရပ်ကွက်အလယ်၌ ဗြိတိသျှပြတိုက်သည် ရင့်ကျက်သော အသရေကို ဆောင်ပြနေပေသည်။ ကျွန်တော်က စာကြည့်တိုက်စာသင်သားမို့ လိုလိုချင်ချင် မှတ်ချက်ချသည်ဟု ယိုးချင်ပါသော် ဗြိတိသျှပြတိုက်ကို စေ့စေ့ ကြည့်မိသူတိုင်း ကျွန်တော့်နည်းတူ မှတ်ချက်ပေးရလိမ့်မည်ဟု ထပ်မံပြောလိုပေသည်။ ကြည့်ပါတော့၊ စာကြည့်ခန်းမအဝင်တွင် ဂရိနွယ် ကျောက်သားတိုင် ရှစ်တိုင် မားမားရားရားနှင့် ရပ်တည်လျက်ရှိသည်။ ရုပ်ကြွများကလည်း နဖူးက စည်း၍ မိုးနေပေသည်။ ဟိုရှေးဂရိမုခ်ဝမျိုးပင်။ သည်လို ရှေးဂရိဟန် မုခ်ဝအောက်သို့ ၂၀ ရာစုနှစ်တွင်းသား စာဖတ်သူ လူကြီးလူငယ်များ ဦးတိုက် ဝင်လာနေကြပြီ။ သူတို့၏နိမ့်ချသော မျက်နှာထားနှင့် ရင့်ကျက်သော အဆောက်အအုံသည် အပြိုင်အဆိုင် ပေါ်နေပေသည်။ လူရွယ်နှင့် အဘိုးအို၏ ဆက်ဆံရေးသည် ပေါ်လွင်နေပေသည်။ ကျွန်တော်လည်း သူတို့နှင့်အတူ ဝင်လိုက်သွားလေသည်။

(၂)

သည်လိုဖြင့် အမျိုးသားစာကြည့်တိုက်ဖြစ်သော ပြတိုက်စာကြည့်ခန်းမတွင်းသို့ ပထမအကြိမ် ရောက်ရခြင်းဖြစ်ပေသည်။ (နောင်လည်း မကြာခဏ

mgyoe.com

SAMPLE BOOK


ရောက်ခဲ့သည်ပင်)။ သို့သော် အမျိုးသားစာကြည့်တိုက်ဆိုသည်မှာ ဘာပါလဲ။ စာကြည့်တိုက်ကို ပါလီမန်မှ နှစ်စဉ် အသုံးစရိတ်ပေးသည်။ အင်္ဂလိပ်သာသနာပိုင်၊ တရားရေးရာဝန်ကြီး၊ (ဥပဒေပြု) အောက်လွှတ်တော် ဥက္ကဋ္ဌ၊ ထိုသုံးဦးတို့က ဦးစီး အုပ်ထိန်းသည်။ မူပိုင်ဥပဒေအရ ပြည်တွင်း၌ ထုတ်ဝေသမျှ စာအုပ်များ၊ သတင်းစာများ၊ တစ်အုပ်စီ၊ တစ်စောင်စီ ပို့ရသည်။ ဤသည် မြူနီစီပယ် စာကြည့်တိုက်တို့နှင့် ကွဲပြားချက်ဖြစ်သည်။ ထင်ရှားအောင် စာကြည့်တိုက် လမ်းညွှန်စာအုပ်မှ ကောက်နုတ်၍ ပြပါအံ့။

*"ဤစာကြည့်ခန်းမသည် စာပေအလုပ်ရှုံသာဖြစ်သည်။ စိတ်ဖျော်ဖြေရေး အတွက်လည်းကောင်း၊ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် လည်းကောင်း၊ အခြား စာကြည့်တိုက်များတွင် ရနိုင်မည့် ခေတ်ပေါ်စာအုပ်များကို နှီးနှောရေးအတွက် လည်းကောင်း အသုံးပြုရန် မရည်ရွယ်။ မူရင်းကျမ်းဂန်ကို နှီးနှောလိုသူများ၊ အခြားစာကြည့်တိုက်များ၌ မရနိုင်သော စာအုပ်များကို သုတေသနပြုလိုသူများ သာလျှင် ဤစာကြည့်ခန်းမကို သုံးခွင့်တောင်းရာသည်"*

ဗြိတိသျှ ပြတိုက်စာကြည့်တိုက်၏ အလုပ်သည် ယခုခေတ်၊ နောင်းခေတ် လူများ အကိုးအကားပြုနိုင်စေရန် ရသမျှစာပေကျမ်းဂန်တို့ကို အပျောက်အဆုံး မရှိ စုဆောင်းထိန်းသိမ်းထားပေးရန်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဝတ္ထုစာအုပ် တစ်အုပ်၏ထုတ်သက်သည် ၅ နှစ်အတွင်းရှိသည်ဆိုအံ့။ ထိုစာအုပ်ကို စာဖတ် သူအား သုံးခွင့်ပေးရိုး မရှိပေ။ စာဖတ်သူက ငှားရမ်းဖတ်ရှုလိုလျှင် အခြားစာကြည့် တိုက်များမှ ငှားရမ်းဖတ်ရှုရသည်ချည်း ဖြစ်သည်။ သည်လိုစည်းမျဉ်း ကြပ်ကြပ် တည်းတည်းထားရသည်မှာ အခြားအကြောင်းလည်း ရှိပေသေးသည်။ စာကြည့် ခန်းမကို မူလက လူ ၄၆၀ အသုံးပြုရန် ကြံရွယ်ခဲ့သော်လည်း ယခုအခါ လူ ၇၀၀ ကျော် အသုံးပြုနေကြဟု သိရပါသည်။

အမျိုးသားစာကြည့်တိုက်မို့ စာအုပ်၊ ပေစာ အစုံလင်ဆုံးရှိသည်ဟု ပြော ရလိမ့်မည်။ ပြော၍လည်း အဆန်းမဟုတ်ပေ။ စာကြည့်တိုက်ခန်းမကို ရှားပါး အဖိုးတန်သည့် စာအုပ်များထားသော မြောက်ဘက်စာကြည့်တိုက်၊ မြေပုံ၊ လက် ရေးစာ၊ ပေစာထားသော စာကြည့်တိုက်၊ အရှေ့တိုင်း ကျမ်းဂန်များထားသော အရှေ့တိုင်းစာကြည့်တိုက်၊ ဘုရင့်စာကြည့်တိုက်ဟူ၍ စာကြည့်တိုက်ငယ်များက ရံထားသည်။ စုစုပေါင်း ပုံနှိပ်စာဦးရေလေးသန်း၊ လက်ရေးစာဦးရေ တစ်သိန်း ငါးသောင်း နှင့်နှင့်ရှိသည်။ စာအုပ်စင်ချင်း စဉ်ယှူသော် ၃၇ မိုင် ရှည်လျားသည် ဟူ၏။

mgyoe.com

mgyoe.com

(၃)

ကျွန်တော်လည်း စာကြည့်ခန်းမအတွင်းသို့ ခပ်ငေးငေး၊ ခပ်ရွှံ့ရွှံ့ ကြည့်နေမိလေသည်။ သည်အခန်း အကြောင်းကို ရေးခဲ့၊ ဖွဲ့နွဲ့ခဲ့သော စာအုပ်စာတမ်းပေါင်းလည်း များလှပါပြီ။ တချို့တစ်ဝက်ကိုလည်း ကြုံတင်၍ ကျွန်တော်ဖတ်ဖူးခဲ့ရပြီ။ သို့ပေမယ့် ယခုလို ကိုယ်တိုင်ကိုယ်ကျ မြင်ရပြန်သောအခါ ဟိုရှေးအတိတ်နှင့် ခုမျက်မှောက်ကွင်းဆက်တို့ တစ်ခုစီ၊ တစ်ခုစီ ပေါ်လာပေသည်။ ကျွန်တော့်ရင်တွင်း၌ လှုပ်ရှားလာလေသည်။ စာပေရေးရာ၊ စီးပွားရေးရာ၊ နိုင်ငံရေးရာ၊ ယဉ်ကျေးမှုရေးရာ အပြောင်းအလဲတွေကို သည်ခန်းမကပင် အထောက်အပံ့ပေးခဲ့သည် မဟုတ်ပါလော။ လူတို့၏ပါးစပ်ဖျားတွင် သီးနေသော လူကျော်လူမော်တို့သည် ငယ်ရွယ်စဉ်က မိမိတို့ကြံမှာကို သည်ခန်းမကပင် ပျိုးခဲ့ကြသည် မဟုတ်ပါလော။

စက်ဝိုင်းသဏ္ဌာန်ခန်းမကြီး၏ အလယ်ခေါင်တွင် အခန်းမှူးသည် အလုပ်လုပ်ရ၏။ တစ်ချက်တစ်ချက် စာဖတ်သူများဘက်သို့ လှမ်းကြည့်သည်။ သည်အလုပ်ဌာနမှနေ၍ ထိုင်ခုံတန်းလျားတို့သည် စက်ဘီးဘီးထောက်များလို ဘေးသို့ဖြာထွက်နေလေသည်။ စာဖတ်သူတွေလည်း ကိုယ့်နေရာ၊ ကိုယ့်မီးရောင်အောက်တွင် စာကူးယူနေကြသည်။ အခန်းမှူး၏ လက်ထောက်တို့သည် ခုံတန်းတွေအကြား၌ ကူးလူးသွားလာနေကြသည်။ အထက်နံရံပတ်လည်ရှိ ပြတင်းပေါက်များမှ ဝင်လာသော အလင်းရောင်မှိန်မှိန်တွင် စာအုပ်တွေ အတန်းလိုက်၊ အတန်းလိုက် တင်ထားသည်။ အင်း ... ကျွန်တော် မြင်သလို ဆရာကြီး ကား(လ)မတ်လည်း မြင်ခဲ့ပေမှာပဲ။ သည်စာအုပ် တောင်ပုံရာပုံတွေအကြား မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး ဖားဖားဖြင့် တစ်နေကုန် တစ်နေခန်း သူ စာဖတ်နေခဲ့ပေမှာပဲ။ ကျွန်တော်လည်း တောင်တွေးမြောက်တွေးနှင့် ဆွန်ယက်ဆင်၊ ဘားနတ်ရှောဟူသော အမည်များကိုပါ ဆက်လက် ရေတွက်နေမိပေသည်။ ဆွန်ယက်ဆင်သည် အရှေ့တော်လှန်ရေးအတွက် အနောက်တွင် အားပြုခဲ့လေသည်။ သက်ဦးဆံပိုင် တရုတ်အစိုးရ၏ ဝရမ်းစာကို တိမ်းရှောင်ရင်း သည်ခန်းမမှနေ၍ အားစုခဲ့လေသည်။ ရှောတစ်ယောက်ရော၊ ရှောသည် ဒဗ္ဗလင်တောမြို့မှ လန်ဒန်မြို့သို့ တက်လာပြီး လူငယ်ပိပိ လေလုံးကြီးနဲ့ "ကျုပ် လန်ဒန်မှာ အထူးခြားဆုံးလူဗျ" ဟု ကြွေးကြော်လေသည်။ အပြောသန်သူသည် ကိုယ်ရေးကြုံက သက်လုံကောင်းရပေမည်။ ထို့ကြောင့် သူသည် စာကြည့်တိုက်ခန်းမတွင် ကား(လ)မတ်၏

mgyoe.com SAMPLE BOOK

"အရင်းကျမ်း"ကို လက်ဝဲတွင်ထား၊ ပြဇာတ်ဆရာ အီပဆင်၏ ပြဇာတ်များကို လက်ယာတွင်ထား၍ အလုပ်လုပ်ခဲ့သည် ဆို၏။

ကျွန်တော်လည်း မိဘသဖွယ်ဖြစ်သော စာတိုက်ခန်းမကို ကြည့်ရင်း ဆက်၍ တဖြည်းဖြည်း စဉ်းစားနေမိသည်။ တစ်ခါက ပြတိုက်ညွှန်ကြားရေးမှူး ဖြစ်ခဲ့သော ပန်နစ်ဇီ၏ ကျေးဇူးကား ကြီးလေစွ။ သူသည် ဇာတိ အီတာလျံသား ဖြစ်လေသည်။ သူသည် စာကြည့်တိုက်ခန်းမကို သည်အဖြစ်မျိုး ရောက်အောင်၊ တစ်ကမ္ဘာလုံးက ကိုင်းရှိုင်းရိုသေရအောင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပေသည်။ ခန်းမကို သည်ပုံပေါ်အောင် တွေးကြံခဲ့ပေသည်။ အစိုးရထံမှ နှစ်စဉ် အသုံးစရိတ် တိုးအောင် တပင်တပန်း နှိုးဆော်ခဲ့သည်။ ထုတ်ဝေသူများထံမှ စာအုပ်မှန်မှန် ရအောင် ဥပဒေပြင်းပြင်းထန်ထန် သုံးခဲ့သည်။ ထို့ကြောင့် ယခုအခါတွင် ခန်းမ နှင့် တကွ စာကြည့်တိုက်ငယ်တို့သည် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖြစ်နေလေပြီ။ ကျွန်တော်ပင် စာကြည့်တိုက်ငယ်တစ်ခု ဖြစ်သော အရှေ့တိုင်းခန်းရှိ မြန်မာ ကျမ်းစာတွေကို လွယ်လွယ်ကူကူ သုံးနိုင်ခွင့်ရနေလေပြီ။ ကျွန်တော် အာသာ ငမ်းငမ်းဖြစ်နေသော ၁၈၇၀ ခု၊ ရန်ကုန်ထုတ် သံတော်ဆင့်သတင်းစာနှင့် "ဝရမ်း ပြေးဘဝမို့၊ လမ်းလေးခွသို့ပင် မထွက်ဝံ့ရှာသော ကုလားဗျတ်ဝိနှင့် ဗျတ္တ ဇာတ် စာအုပ်"တို့ကို ရနိုင်လေပြီ။ ဤသို့လျှင် စာအုပ်တွေလှော်ကြည့်ရင်း၊ တွေးရင်း၊ အံ့သြရင်း အချိန်တစ်စတစ်စ ကုန်လာလေသည်။

## (၄)

စာအုပ်တွေ လှော်ကြည့်ရင်း အံ့သြရင်း အချိန်ကုန်လာလေတော့သည်။ ၅ နာရီလည်း ထိုးပြီ။ စာဖတ်သူ ခါးကိုင်းကိုင်းနှင့် အဘိုးကြီးတွေ၊ ကျွန်တော် လို ကျောင်းသားအရွယ်တွေ၊ မျက်မှန်ထူထူနှင့် မိန်းမတွေလည်း မှတ်စုများပိုက်၍ ထကုန်ကြပြီ။ ကျွန်တော်လည်း ဂေါ်ကီရေးခဲ့သည့် *"ဗြိတိသျှပြတိုက်သည် အင်္ဂလန်၏ အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာပေ"*· ဆိုသောစာတန်းကို တဖွဖွ မြည်တမ်းလျက် ထွက်ခဲ့တော့၏။

***(မှရင်း– ငွေတာရီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၅၁)***

***(တိုက်စိုးစာတိုနန့်နန့်၊ ၁၉၇၅)***

❐

mgyoe.com

mgyoe.com SAMPLE BOOK

# ကွန်ဂရက်စာကြည့်တိုက်

အမေရိကန် ဝါရှင်တန်မြို့တော်ရှိ ကွန်ဂရက်လွှတ်တော်အနီးတွင် ကွန်ဂရက်စာကြည့်တိုက် အဆောက်အအုံ တည်ရှိလေသည်။ ထိုစာကြည့်တိုက်သည် ကွန်ဂရက်လွှတ်တော်ဆိုင်ရာ စာကြည့်တိုက်လည်းဖြစ်၊ အမျိုးသားစာကြည့်တိုက် လည်း ဖြစ်လေသည်။

ရှင်းပါအုံ။ ထိုစာကြည့်တိုက်ကို ၁၈၀၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့စဉ်က ကွန်ဂရက်လွှတ်တော်က အသုံးပြုရန်ဟူ၍ အက်ဥပဒေ၌ ပြဋ္ဌာန်းခဲ့လေသည်။ ထိုနောက်ကား ထိုစာကြည့်တိုက်တွင် စာစု၊ စာပြု၊ စာဖြန့်လုပ်ငန်းတာဝန်များ ကျယ်ပြန့်လာကာ ကွန်ဂရက်လွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ နည်းတူ ပြည်သူများလည်း သုတေသနပြုနိုင်ခွင့် ရှိသော၊ ပြည်သူများလည်း သုတေသန ပြုလာကြသော အမျိုးသားစာကြည့်တိုက်ကြီးအဖြစ်သို့ ပြောင်းလဲလာခဲ့လေသည်။

ထိုစာကြည့်တိုက်ကို မှီခိုအားထား၍ သုတေသနပြုမည်ဆိုလျှင်လည်း တကယ်အားထားလောက်စရာပါပေ။ အဘယ်ကြောင့်ဆိုသော် တိုက်ပိုင်ပစ္စည်း ဦးရေ ၄၈,၀၀၀,၀၀၀ (လေးဆယ့်ရှစ်သန်း) ရှိသည့်အနက် ၁၅,၀၀၀, ၀၀၀ (တစ်ဆယ့်ငါးသန်း) တည်း ဟူသော စာအုပ်စာတမ်းဦးရေနှင့် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးစာကြည့်တိုက် ဖြစ်နေသောကြောင့်တည်း။

လူတစ်ဦးတစ်ယောက်သည် ထိုစာကြည့်တိုက်ကို စိတ်ဝင်စား၍ လာရောက် လေ့လာကြည့်မည်ဆိုပါစို့။ သီချင်းကြီး သီဆိုတီးမှုတ်ပွဲလည်း မှန်မှန် ကြုံတွေ့ရမည်။ ပညာရပ်ဆိုင်ရာ ဟောပြောပွဲလည်း မှန်မှန်နားထောင်ရမည်။

mgyoe.com

mgyoe.com

စာအုပ်စာတမ်းများအထဲတွင်လည်း အံ့သြစရာတွေ တွေ့ရဦးမည်။ အောက်ပါ သာဓကများကို ကြည့်ပါလေ။

၁၄၅၀ ပြည့်နှစ်၌ ဂျာမန်အမျိုးသား ဂူတင်းဗတ်သည် ပုံနှိပ်စက်ကိုစတင် တီထွင်ခဲ့လေသည်။ ထိုသူပုံနှိပ်ခဲ့သော သမ္မာကျမ်းစာသည်လည်း ဂူတင်းဗတ် သမ္မာကျမ်းစာဟူ၍ အမည်ကျော်ခဲ့လေသည်။ ထိုကျမ်းကို ယခုခေတ်တွင် ရှာတွေ့ရန် မလွယ်တော့ချေ။ ရှာတွေ့ပြန်ပါလည်း အကောင်းအတိုင်း တွေ့ရ ခဲသည်။ သို့ရာတွင် ကွန်ဂရက်စာကြည့်တိုက်က မပျက်မစီး အသစ်ကျပ်ချွတ် နီးပါး ကောင်းနေသော ဂူတင်းဗတ် သမ္မာကျမ်းစာတစ်ခုကို မရရအောင် ဝယ်ယူ ထား၍ ထိုစာမူကို စာကြည့်တိုက်တွင် တွေ့နိုင်ပါလေသည်။

၁၇၇၆ တွင် အမေရိကန်လူမျိုးများသည် အင်္ဂလိပ်အစိုးရကို တော်လှန် ပုန်ကန်၍ လွတ်လပ်ရေး ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့လေသည်။ ထိုကြေညာ စာတမ်းကို ရေးသူမှာ ထိုစဉ်က လွှတ်တော်ကိုယ်စားလှယ် (နောင်သောအခါ တတိယမြောက် အမေရိကန်ပြည်ထောင်စုသမ္မတ) ဖြစ်သော သောမတ် ဂျက်ဖာ ဆန် ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်ရေးခဲ့သော လွတ်လပ်ရေး ကြေညာစာတမ်းကို စာကြည့်တိုက်တွင် တွေ့နိုင်ပြန်လေသည်။

၁၈၆၁ ခုနှစ်တစ်ဝိုက်တွင် အမေရိကန်ပြည်ထောင်စု၌ ကပ္ပလီကျွန်များ ကို ကျွန်အဖြစ်မှ လွတ်လပ်ခွင့် ပေးသင့်၊ မပေးသင့် ပြဿနာအကြီးအကျယ်ဖြစ် လေသည်။ ထိုအခါ လွတ်လပ်ခွင့်မပေးလိုသော တောင်ပိုင်းသားအများသည် ပြည်ထောင်စုမှ ခွဲထွက်သဖြင့် ပြည်တွင်းစစ်ဖြစ်လေသည်။ ပြည်တွင်းစစ်တွင် ဂက်တစ်စဗတ်တိုက်ပွဲသည် အရေးကြီး၏။ ထိုအခါ ဂတ်တစ်စဗတ်စစ်မြေပြင် ၌ ကျဆုံးခဲ့သူများ၊ ပါဝင်ခဲ့သူများကို မြှုပ်နှံဂုဏ်ပြုပွဲသို့ သမ္မတကြီးလင်ကွန်း ကိုယ်တိုင် တက်ရောက်၍ မိန့်ခွန်းပြောလေသည်။ ထိုမိန့်ခွန်းသည် တိုတောင်း သော်လည်း စကားအသုံးအနှုန်းသည် ပြောင်၏။ အနက်အဓိပ္ပာယ်ကလည်း ကောင်း၏။

ထိုမိန့်ခွန်းကား အမေရိကန်လူမျိုးများ တစ်သက်လုံးမမေ့နိုင်သော မိန့် ခွန်းပေတည်း။ ထိုမိန့်ခွန်းနှင့် စပ်လျဉ်း၍ လူပြောသူပြော၊ ပါးစပ်ရာဇဝင်တစ်ခု ရှိလေသည်။ ပါးစပ်ရာဇဝင်မှာ အခြားမဟုတ်။ စစ်မြေပြင်သို့ သမ္မတကြီးလင်ကွန်း အသွား လမ်းခရီး၌ ထိုမိန့်ခွန်းအကြမ်းကို စာအိတ်ကျောပေါ်၌ အမြန်ရေးသား စီကုံးနိုင်ခဲ့ပေသည်ဟူ၏။ အမှန်ကား ဤသို့ မဟုတ်။ မဟုတ်ပုံကို ကွန်ဂရက် စာကြည့်တိုက်တွင် တွေ့မြင်နိုင်ပါလေသည်။ ထိုစဉ်က အိမ်ဖြူတော် (သမ္မတ

mgyoe.com

mgyoe.com

အိမ်တော်) တံဆိပ် ရိုက်နှိပ်ထားသော စက္ကူပေါ်ရှိ မိန့်ခွန်းမူကြမ်း နေရာအနှံ့ အပြားတွင် သမ္မတကြီး လက်ရေးဖြင့် ဖျက်ရာပြင်ရာများကို တွေ့ရလိမ့်မည် ဖြစ်သည်။ (စကားချပ်ပါအံ့၊ ထိုမိန့်ခွန်းကို ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ တရုတ်၊ မြန်မာ စသည်ဖြင့် ဘာသာ ၂၉ ဘာသာ ပြန်ဆိုထားသည်ကို ကွန်ဂရက်စာကြည့် တိုက်မှ ဗက်စလာဆိုသူ ပုဂ္ဂိုလ်တစ်ဦးက တည်းဖြတ်ပြီး စာအုပ်အဖြစ် ထုတ်ဝေ ထားလေသည်)

အထက်တွင် ဆိုခဲ့သည့်အတိုင်း ကွန်ဂရက်စာကြည့်တိုက်သည် စာအုပ် စာတမ်း စသည်ဖြင့် ကြွယ်ဝပေသည်။ ကြွယ်ဝလာပုံ ကြွယ်ဝလာနည်းကား ဤသို့ဖြစ်လေသည်။ ထိုစာကြည့်တိုက်သည် ၁၈၇၀ ပြည့်နှစ်ကတည်းက မူပိုင် လက်ခံစာကြည့်တိုက် ဖြစ်လာ၏။ အဓိပ္ပာယ်မှာ အမေရိကန်နိုင်ငံ၌ အစိုးရနှင့် ပုဂ္ဂလိကတို့က ထုတ်ဝေသော စာအုပ်စာတမ်းမှန်သမျှကို မူပိုင်ဥပဒေအရ အနည်း ဆုံး တစ်အုပ်ကျ လက်ခံသိမ်းဆည်းရသည်ဟု ဆိုလိုရင်းဖြစ်လေသည်။ တစ်ဖန် နောင်နှစ်၊ နောင်နှစ်များတွင် ကမ္ဘာအရပ်ရပ်ရှိ စာကြည့်တိုက်များနှင့် ပညာရပ် အဖွဲ့အစည်း စုစုပေါင်း ၂၇၀၀၀ နှင့် စာအုပ်လဲလှယ်သော အစီအစဉ်လုပ်ကာ စာစုဆောင်း၏။ ရန်ကုန်ရှိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည်လည်း အစီအစဉ်စာရင်းဝင် စာကြည့်တိုက်တစ်ခုဖြစ်လေသည်။ စာအုပ်ထုတ်ဝေမှု အသိ ရနည်းသော နိုင်ငံများသို့ ကွန်ဂရက်စာကြည့်တိုက်က လူလွှတ်၍၊ စာအုပ်ရှာစေ၍ လိုရာစာ ဖြည့်တင်းလေသည်။ တစ်ဖန် လန်ဒန်၊ အော်စလို၊ ပါရီ၊ ဗီယင်နာ၊ နယူးဒေလီ စသောနေရာများတွင် ရုံးခွဲများဖွင့်ကာ ထိုဒေသတစ်ဝိုက်ထုတ် လိုရာစာအုပ်များကို မြန်မြန်ဝယ်ယူ ကတ်တလောက်တင်နိုင်အောင် စီမံလေသည်။ နောက်ဆုံး ဆိုရလျှင်ကား စာကြည့်တိုက်သို့ လှူဒါန်းသည့် စာအုပ် စာတမ်း များကို ကျေးဇူးတင်စွာ လက်ခံတိုက်ပိုင်သွင်းလေသည်။ ဤသို့လျှင် မူပိုင်လက်ခံ ရာမှ၊ စာအုပ်လဲလှယ်ရာမှ၊ ဝယ်ယူရာမှ၊ လှူဒါန်းရာမှ စုဆောင်းမိသမျှ စာအုပ် စာတမ်း စသည့် ဦးရေသည် တစ်နှစ်လျှင် (၁၉၇၈ ခုနှစ် စာရင်းအရ) တစ်သန်း ခန့် တိုး၏။ စာကြည့်တိုက်၏ လုပ်ငန်းပမာဏကို အောက်တွင်ကြည့်ပါလေ။

- အချိန်ပြည့်ဝန်ထမ်း ၃၇၄၀ ရှိသည်။
- ဘာသာစကား ၁၈၃ မျိုးဖြင့် စာအုပ်များရှိ၍ ဝန်ထမ်းများသည် (မြန်မာဘာသာ စကားအပါအဝင်) ထိုဘာသာစကားများကို တတ် ကျွမ်းသည်။
- ပုံနှိပ်စာအုပ်စာတမ်း စုစုပေါင်း ၁၅,၀၀၀,၀၀၀ ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

– လက်ရေးစာအုပ် စုစုပေါင်း ၂၉,၀၀၀,၀၀၀ ရှိလေသည်။
– ဓာတ်ပုံနက်ဂတစ်နှင့် ဆလိုက် စုစုပေါင်း ၃,၀၀၀,၀၀၀ ရှိသည်။
– စာအုပ်စင် စုစုပေါင်း အလျား ၂၇၀ မိုင် ရှိသည်။

ထို စာအုပ်စာတမ်း၊ ဓာတ်ပုံဖလင် စသည်တို့ကို စာကြည့်တိုက်ရှိ အထွေထွေ စာဖတ်ခန်းနှင့် အထူးစာဖတ်ခန်း ၂၁ ခန်းတို့တွင် တစ်ချိန်လျှင် လူ ၅၀၀ ကျော် သုတေသနပြုနိုင်ရန် စီမံထားလေသည်။ ဤတွင် ကွန်ဂရက် စာကြည့်တိုက်သည် သုတေသနပြုရေး လွယ်ကူရလေအောင် အခြားစာကြည့် တိုက်များအဖို့လည်း အထောက်အကူဖြစ်လေအောင် အမျိုးသားဗဟို ကတ်တ လောက်ကို အမေရိကန်နိုင်ငံရှိ စာကြည့်တိုက်ပေါင်း ၂၅၀၀ တို့၏ အကူအညီဖြင့် ပြုစု၏။ ကွန်ဂရက်စာကြည့်တိုက် ကိုယ်နှိုက်က တိုက်ပိုင်စာအုပ်ဦးရေမှ စာအုပ် ကတ်တလောက် ကတ်ပြားများကိုလည်းကောင်း၊ ပညာရပ်သီးခြား ကတ်တ လောက် စာအုပ်များကိုလည်းကောင်း ရိုက်နှိပ်ထုတ်ဝေ၏။ ထို့ပြင် ကိုယ်ပိုင် စာအုပ်စာတမ်း ဓာတ်ပုံဖလင်တို့မှ သုတေသီများ မူအတိုင်းကူးယူလိုပါက တန်ဖိုး နည်းနည်းဖြင့် ကော်ပီကူးယူပေး၏။ ဤသည်မှာ သုတေသီရိုးရိုးအတွက် စီမံ ပေးချက် ဖြစ်လေသည်။ မျက်မမြင်သုတေသီများအတွက်မူ မျက်မမြင်များအတွက် ဗရေးသင်္ကေတမျိုးဖြင့် ပြုပြင်ထားသော စာအုပ်မျိုးကို လျာထားစီမံပေးလေသည် ဖြစ်၏။

ကွန်ဂရက်စာကြည့်တိုက်သည် မိမိ၏ပရဝုဏ်သို့ လာရောက်နိုင်သူအဖို့ သာ သုတေသနပြုခွင့်ပေးသည် မဟုတ်ပါသေး။ ရပ်ဝေးနေသုတေသီများအတွက် လည်း အခွင့်အရေး မဆုံးရှုံးရလေအောင် စီမံပေးပြန်လေသည်။ လူတစ်ဦး တစ်ယောက်သည် အမေရိကန်နိုင်ငံတွင်းက မြို့တစ်မြို့၌ နေသည်ဆိုပါအံ့။ ထိုသူသည် ထိုမြို့ရှိ ကောလိပ်ကျောင်းစာကြည့်တိုက်၌သော်လည်းကောင်း၊ ပြည် သူ့စာကြည့်တိုက်၌သော်လည်းကောင်း လိုရာစာအုပ်စာတမ်းကို ရှာဖွေကောင်း ရှာဖွေလိမ့်မည်။ အကယ်၍ သူလိုသော စာအုပ်စာတမ်းသည် ထိုစာကြည့်တိုက် ၌ မရှိခဲ့သော် သူ့အဖို့ အကျိုးမယုတ်စေရ။ ထိုစာကြည့်တိုက်သည် ကွန်ဂရက် စာကြည့်တိုက်သို့ အကြောင်းကြားရသည်။ ကွန်ဂရက်စာကြည့်တိုက်ကလည်း အထူး အစီအစဉ်ဖြင့် အဆိုပါ စာကြည့်တိုက်သို့ လိုရာပို့ပေးမည်ဖြစ်လေသည်။

ကွန်ဂရက်စာကြည့်တိုက်နှင့် ပတ်သက်၍ နောက်ဆုံးဖြည့်စရာရှိသည်ကား ထိုစာကြည့်တိုက်ကို ဦးဖြူဦးမဲ မရွေး၊ လူတန်းစား မရွေး၊ သုတေသီမှန်က ညီတူညီမျှ သုံးစွဲနိုင်ခွင့်ရှိသည်ဟူသော အချက်ပင် ဖြစ်လေသည်။ တစ်နေ့သော်

mgyoe.com

မထင်မရှား လူရွယ်တစ်ဦးသည် စာကြည့်တိုက်သို့ လာ၍ သမ္မတလင်ကွန်းနှင့် ဆိုင်ရာ စာအုပ်စာတမ်း၊ မှတ်တမ်းမှတ်ရာများကို လေ့လာလိုသည်ဟု ဆိုလေသည်။ ဤတွင် အရေးကြီးသော မှတ်တမ်းမှတ်ရာအချို့ကို အိမ်ဖြူတော်က ဌားရမ်းထားသည်ဆိုသဖြင့် စိတ်ပျက်သလိုလို ရှိလေသည်။ သို့ရာတွင် စာကြည့်တိုက်သည် ခဏချက်ချင်းပင် အိမ်ဖြူတော်သို့ တယ်လီဖုန်းဆက်၍ စာအုပ်စာတမ်းပြန်ပို့ရန် အချိန်တန်ပြီဖြစ်ကြောင်း၊ ထိုစာအုပ်စာတမ်းကို နောက်လူတစ်ယောက်က အလိုရှိနေကြောင်း အကြောင်းကြားလေသည်။ စာအုပ်စာတမ်းများလည်း ပြန်ရောက်လာ၏။ ထိုမထင်မရှားလူငယ်မှာ အခြားမဟုတ်၊ ယခုခေတ်ကာလတွင် သမ္မတကြီးလင်ကွန်း အကြောင်းခြင်းရာမှန်သမျှ၌ ပါရဂူဖြစ်လာသူ၊ ကွန်ဂရက်စာကြည့်တိုက်၏ ရည်ညွှန်းဌာနမှူးဖြစ်လာသူ ရှိုင်းဗက်စလာခေါ် ပုဂ္ဂိုလ်ကြီးပါတည်း။

*(ပညာတန်ဆောင်၊ နိုဝင်ဘာလ၊ ၁၉၈၂)*

□

mgyoe.com SAMPLE BOOK

## ကမ္ဘာ့စာကြည့်တိုက်များ

မည်သည့် တိုးတက်သောနိုင်ငံတွင်မဆို စာကြည့်တိုက် အနည်းအများ ရှိစမြဲဖြစ်၏။ ထိုစာကြည့်တိုက်များသည်လည်း လုပ်ငန်းတာဝန်ကို လိုက်၍လည်းကောင်း၊ အသုံးပြုသော လူအတန်းအစားကို လိုက်၍လည်းကောင်း အမျိုးအစား ကွဲပြားလေသည်။ ထို့ကြောင့် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်ဟူ၍ ရှိကြသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံတွင် အကြီးအချုပ် စာကြည့်တိုက် ဖြစ်လေသည်။ ယေဘုယျအားဖြင့် နိုင်ငံကိုယ်စားပြုသော နိုင်ငံ၏ တစ်ခုတည်းသော စာကြည့်တိုက်ဟု ဆိုရာသည်။ သို့သော် နိုင်ငံ၏ ထူးခြားသော သမိုင်းကြောင်းကို လိုက်၍ အချို့နိုင်ငံများတွင် တစ်ခုစီ၊ အချို့နိုင်ငံများတွင် နှစ်ခု၊ သုံးခုစီ ရှိတတ်၏။ တစ်နည်းဆိုရသော် စာကြည့်တိုက်အစဉ်အလာရှိခဲ့သော နိုင်ငံမျိုးတွင် အမျိုးသားစာကြည့်တိုက် တစ်ခုထက်ပိုတတ်၍ ခေတ်သစ်ထူထောင်စဖြစ်သော နိုင်ငံမျိုးတွင် တစ်ခုတည်းသာ ရှိတတ်သည်။ ပမာအားဖြင့် ဗြိတိန်နိုင်ငံ (Great Britain) တွင် ဗြိတိသျှပြတိုက်စာကြည့်တိုက် (British Museum Library)၊ စကော့တလန်ပြည် အမျိုးသားစာကြည့်တိုက် (National Library of Scotland)၊ ဝေလပြည် အမျိုးသားစာကြည့်တိုက် (National Library of Wales) ဟူ၍ သုံးမျိုးရှိ၍ အိန္ဒိယနိုင်ငံတွင် အမျိုးသားစာကြည့်တိုက် တစ်ခုတည်းရှိသည်ကို ထောက်လေ။

**အမျိုးသားစာကြည့်တိုက်** ၏ ထူးခြားသော လက္ခဏာမှာ ...

(က) ထိုစာကြည့်တိုက်တွင် နိုင်ငံတွင်းထုတ် စာအုပ်စာတမ်းများ အစုံအလင်ဆုံးဖြစ်ခြင်း၊

mgyoe.com

mgyoe.com SAMPLE BOOK


(ခ) နိုင်ငံလုံးဆိုင်ရာ စာကြည့်တိုက်စနစ်တွင် ဦးစီးဦးဆောင်ဖြစ်ခြင်း။

(ဂ) ပညာရှာဖွေရေးနှင့်စပ်၍ ပြည်သူလူထုတစ်ရပ်လုံး၏ မှီခိုလဲလျောင်းရာ ဖြစ်ခြင်းပေတည်း။

ချဲ့ဦးအံ့။ ထိုစာကြည့်တိုက်တွင် နိုင်ငံအတွင်း၌ ပြုစုသမျှသော၊ ထုတ်ဝေသမျှသော ပေ၊ ပုရပိုက် စသည့် လက်ရေးစာ အကုန်အစင်၊ ကျမ်း၊ စာရွက်စာတမ်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ အစိုးရအက်ဥပဒေ၊ အမိန့်ပြန်တမ်း၊ မြေပုံ၊ ဂီတသင်္ကေတစာချုပ်၊ ရုပ်ပုံ (Prints) စသော ပုံနှိပ်စာ အကုန်အစင် ရှိရလေသည်။ ဥပဒေဘောင်ဝင်သည် မဝင်သည်၊ စာအမျိုးအစား ညံ့သည် မညံ့သည်ကို အလေးပြုခြင်းမရှိ။ အမျိုးသားစာကြည့်တိုက်သည် ယေဘုယျအားဖြင့် အကွရာကို မှီ၍ သုတေသနပြုရာဌာန ဖြစ်သည်နှင့်အညီ ထိုနိုင်ငံ၏ စာမှန်သမျှကိုကား ထိန်းသိမ်းထားရစမြဲ ဖြစ်သည်။

(မှတ်ချက်– ဥပဒေဘောင်မဝင်ဟူသောပုဒ်နှင့်စပ်၍ နားလည်ထားရန်မှာ အစိုးရက အများပြည်သူဖတ်ခြင်းမှ ပိတ်ပင်ထားသော်လည်း အမျိုးသားစာကြည့်တိုက်တွင် ထိန်းသိမ်းထားရန် သဘောတူပြီးဖြစ်သော စာမျိုး ဖြစ်သည်။ ဥပဒေဘောင် မဝင်လျှင် စာဖတ်သူ၏ ရည်ရွယ်ချက်၊ စာဖတ်သူ၏ ပညာအဆင့်အတန်းကို လိုက်၍ ခွင့်ပြုခြင်း၊ မပြုခြင်းဟူ၍သာ ကွာလေသည်။ ပမာအားဖြင့် အစိုးရက ပိတ်ပင်ထားသော လိင်စာအုပ်တစ်အုပ်ကို သာမန်အရပ်သားအား သုံးခွင့်မပေးသော်လည်း မနုဿပါမောက္ခ သို့မဟုတ် သုတေသီကိုကား သုံးခွင့်ပေးသည့် သဘောပင် ဖြစ်လေသည်။ ထို့ကြောင့် နိုင်ငံတွင်း၌ ထုတ်ဝေသမျှ စာအုပ်စာတမ်း၊ စာနယ်ဇင်းမှန်သမျှကို ထုတ်ဝေတိုင်း၊ ထုတ်ဝေတိုင်း မူပိုင်ဥပဒေအရ နိုင်ငံ၏ အခြေအနေကို လိုက်၍ တစ်အုပ်မှ လေးအုပ်အထိ အမျိုးသားစာကြည့်တိုက်သို့ ပို့ရစမြဲ ဖြစ်သည်။)

ဤသို့ အမျိုးသားစာကြည့်တိုက်တွင် နိုင်ငံတွင်းထုတ် စာပေ၊ မြေပုံ စသည် မှန်သမျှကို ထိန်းသိမ်းထားရုံသာမကသေးဘဲ ထိုနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စပ်၍လည်းကောင်း၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာတို့နှင့် စပ်၍လည်းကောင်း၊ နိုင်ငံအပမှ ရေးသားထုတ်ဝေသမျှ စာအုပ်စာတမ်းတို့ကိုလည်း ဘာသာစကားမရွေး ရသမျှစုဆောင်းရသော အစဉ်အလာလည်း ရှိလေသည်။ထို့ကြောင့် အမျိုးသားစာကြည့်တိုက်တွင် ယေဘုယျအားဖြင့် စုဆောင်းထားသမျှကို ဂဏန်းစဉ်ကြည့်မည်ဆိုလျှင် ...

(က) လက်ရေးစာမူများ

(ခ) ခရစ်နှစ် ၁၅၀၀ အလျှင် ပုံနှိပ်စာများ (Incunabula)၊

mgyoe.com

mgyoe.com SAMPLE BOOK

(ဂ)• ပုံနှိပ်စာများ၊

(ဃ) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊

(င) အမိန့်ပြန်တမ်းများ၊ အထူးအခွင့်အရေးအပ် စာချုပ်များ (Charters)၊

(စ) မြေပုံများ၊ ရုပ်ပုံများ (Prints)၊

(ဆ) ဂီတသင်္ကေတစာချုပ်များ (Musical scores)၊

(ဇ) ဓာတ်ပုံများ၊ မိုက်ခရိုဖလင်ကော်ပြားများ (Microfilms)၊

ဟူ၍ အစားစားဖြစ်သည်။ ထိုအစားစားသည် ဦးရေ၌လည်း စုံသည်။ တစ်မျိုးသားလုံး၏ စာပေအမွေအနှစ်အဖြစ်လည်း တန်ဖိုးရှိလှသည်။ သို့ဖြစ်၍ အမျိုးသားစာကြည့်တိုက်များ၏ ထုံးစံမှာ တိုက်ရှိစာစုကို အပြင်သို့ ထုတ်ငှားရိုး မရှိ။ တိုက်တွင်း၌ စာဖတ်ခန်းအလုံအလောက်ထား၍ သုတေသနပြုစေသည်သာ ဖြစ်လေသည်။

ထိုပစ္စည်းများကို စုဆောင်းဖြန့်ချိနိုင်ရန်အတွက် အမျိုးသားစာကြည့်တိုက်တွင် ရှိတတ်သော ဌာနများမှာ ...

(က) အုပ်ချုပ်ရေးဌာန

( ခ ) စာစုဌာန

(ဂ) စာပြုဌာန (ကတ်တလောက်ဌာန)

(ဃ) စာဖြန့်ဌာန (စာဖတ်ခန်းများ)

(င) လက်ရေးမူဌာန

(စ) ပုံနှိပ်စာဌာန

(ဆ) ဂီတဌာန

(ဇ) မြေပုံဌာန

(ဈ) ဓာတ်ပုံဌာန

(ည) စာအုပ်ချုပ်ဌာန

(ဋ) အပြည်ပြည်ဆိုင်ရာ စာအုပ်လဲလှယ်ရေးဌာနဟူ၍ ဖြစ်လေသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံလုံးဆိုင်ရာ စာကြည့်တိုက်စနစ်တွင် ဦးစီးဦးဆောင်ဖြစ်သည်ဟု စောစောက စကားဦးသမ်းခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုစာကြည့်တိုက်သည် အနှစ်နှစ်အလလက တိုက်တွင်း၌ သိမ်းထားသော လက်ရေးစာစု၊ ပုံနှိပ်စာစုတို့ကို မပျောက်မပျက်ရလေအောင် ကာကွယ်ထိန်းသိမ်းထားရုံနှင့် သူ့တာဝန် မကုန်လေသောကြောင့်တည်။ အထိန်းအသိမ်း

mgyoe.com

mgyoe.com

တာဝန်အပြင် အမျိုးသားစာကြည့်တိုက်သည် နိုင်ငံ၏စာကြည့်တိုက်လုပ်ငန်းတွင် ဗဟိုမှနေ၍ တာဝန်ယူရလေသေးသည်။ စာအသီးသီးကို စနစ်တကျစုဆောင်း ပြုစုဖြန့်ချိရေးတွင် လည်းကောင်း၊ စာအုပ်နှင့် စာဖတ်သူ၏လိုအင်ဆန္ဒကို ညှိနှိုင်း ပေးရေးတွင် လည်းကောင်း ရှေ့ဆောင်ရှေ့ရွက်ပြုရလေသည်။ ထို့ကြောင့် ...

(က) နိုင်ငံတွင်းထုတ် စာရွက်စာတမ်းတို့အတွက် စနစ်တကျ မှတ်တမ်း တင်ရာ ဗဟိုဌာနအဖြစ် ဆောင်ရွက်နိုင်ရအောင်လည်း မျိုးတူစုနည်း၊ ကတ်တ လောက်တင်နည်း၊ စည်းမျဉ်းနှင့် စပ်၍ ဦးစီးဦးဆောင်ပြုကာ"မူ" ချသည်။ အမျိုးသားစာအုပ်စာရင်းကို ပြုစုသည်။

(ခ) စုပေါင်းကတ်တလောက်ကို (union catalogue) ကို ပြုစုသည်။ စာကြည့်တိုက်အချင်းချင်း စာအုပ်ငှားရမ်းရေးစနစ်ကို ကြပ်မတ်သည်။

(ဂ) စာကြည့်တိုက်ပညာ တိုးပွားရေးအတွက် နိုင်ငံတွင်းရှိ စာကြည့် တိုက်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်သည်။

ထိုမှတစ်ဖန် ဆိုရန်ရှိသည်ကား အမျိုးသားစာကြည့်တိုက်သည် သုတေ သနစာကြည့်တိုက်ဖြစ်သည်လည်း မှန်၏။ အဓိပ္ပာယ်မှာ အမျိုးသားစာကြည့် တိုက်ကို သုံးသူများသည် ပညာအရည်အသွေးမြင့်သူများ၊ သုတေသီကြီးများ ဖြစ်လေ့ဖြစ်ထရှိသည်ဟူ၏။ သို့သော် သာမန်အရပ်သားကို အမျိုးသားစာကြည့် တိုက်သည် တံခါးပိတ်ထားသည်မဟုတ်ချေ။ စာကြည့်တိုက်ရှိ ထိုင်ခုံဦးရေနှင့် မျှ၍ စာဖတ်သူ၊ စာလေ့လာသူဦးရေကို ကန့်သတ်ကာ စာလေ့လာခွင့်လက်မှတ်ကို ထိန်းချုပ်ထားသည်မှာ မှန်၏။ သို့မှန်သော်လည်း အခြားပြည်သူ့စာကြည့်တိုက် မျိုးတွင် မရှိတတ်သော စာအုပ်တစ်အုပ်ကို အကြင်အရပ်သား ပညာမြတ်နိုးသူ သည် လေ့လာနိုးနှောလိုသည် ဆိုပါအံ့။ အမျိုးသားစာကြည့်တိုက်သည် တစ်မှ ဟုတ်ချင်း လက်မှတ်ထုတ်ပေးလိမ့်မည်သာတည်း။ ဤသို့ဖြင့် အမျိုးသားစာကြည့် တိုက်သည် ပြည်သူလူထုအတွက် စာအရာ၌ အားကိုးအားထား ခံရထိုက်အောင် ပြည့်စုံသော ဌာနလည်း ဖြစ်ပါသည်။

နမူနာသဘောဖြင့် ကမ္ဘာ့အရပ်ရပ်ရှိ အမျိုးသားစာကြည့်တိုက်အချို့ကို ကြည့်ကြဦးစို့။

## အမျိုးသားစာကြည့်တိုက် (ပြင်သစ်နိုင်ငံ)
## (La Bibliotheque Nationale)

ထိုစာကြည့်တိုက်ကို တည်ထောင်သောနှစ်မှာ ဝေကန် မပြောသာ ဖြစ် သည်။ အကြမ်းအားဖြင့်ဆိုရလျှင် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ ကျော် ပဥ္စမမြောက်

mgyoe.com

mgyoe.com

SAMPLE BOOK


ချားလ်ဘုရင် (၁၃၃၇–၁၃၈၀) လက်ထက်မှ စသည်ဟု ဆိုရာသည်။ သို့ဖြင့် ထိုစာကြည့်တိုက်သည် မူလက ပြင်သစ်ဘုရင်များ၏ ကိုယ်ပိုင်စာကြည့်တိုက် ဖြစ်ခဲ့သော်လည်း ထိုဘုရင်များ၏ လက်ထက်အတွင်းမှစ၍ အမိန့်တော်ပြန်တမ်းဖြင့် ကျောင်းသားများသုံးစွဲခွင့်ရသော စာကြည့်တိုက် ဖြစ်ခဲ့လေသည်။ ထို့နောက် ပြင်သစ်အရေးတော်ပုံ (၁၇၈၉) ပေါ်ပေါက်လာသောအခါ အမျိုးသားစာကြည့်တိုက်အဆင့်သို့ ရောက်ခဲ့လေသည်။ အမျိုးသားစာကြည့်တိုက်သို့ နိုင်ငံတွင်း၌ ထုတ်ဝေသော စာအုပ်သစ်ကို ပို့ရန် ပြဋ္ဌာန်းသည့် မူပိုင်ဥပဒေသည်လည်း ၁၅၃၇ ခုနှစ်တွင် ပြင်သစ်နိုင်ငံမှ စတင်ခဲ့လေသည်။ လက်ရှိ မူပိုင်ဥပဒေအရဆိုလျှင် ပုံနှိပ်သူထံမှ နှစ်အုပ်စီ၊ ထုတ်ဝေသူထံမှ လေးအုပ်စီ ပေါင်း ခြောက်အုပ်ကို စာကြည့်တိုက်သို့ ပို့ရလေသည်။ ပုံနှိပ်သူထံမှ ပို့သော စာအုပ်နှစ်အုပ်အနက် တစ်အုပ်မှာမူ အစိုးရပြဋ္ဌာန်းထားသော အထူးစာကြည့်တိုက်တစ်ခုသို့ ပြန်လည်ဖြန့်ချိရသည်သာ ဖြစ်လေသည်။ ဤသို့ဖြင့် ၁၉၅၈ ခုနှစ်တွင် စာကြည့်တိုက်၌ ...

| | |
|---|---|
| (က) ပုံနှိပ်စာ | ၆,၀၀၀,၀၀၀ |
| (ခ) ခရစ်နှစ် ၁၅၀၀ အလျှင် ပုံနှိပ်စာ | ၁၂,၀၀၀ |
| (ဂ) လက်ရေးစာ | ၁၃၆,၀၀၀ |
| (ဃ) ဒင်္ဂါး၊ တံဆိပ် | ၄၀၀,၀၀၀ |
| (င) ဂီတသင်္ကေတ | ၂၉၅,၀၀၀ |
| (စ) ရုပ်ပုံ (Prints) စာချုပ် | ၅,၀၀၀,၀၀၀ |
| (ဆ) မြေပုံ | ၄၀၀,၀၀၀ |

ရှိနေလေသည်။ ထိုပစ္စည်းစုတွင် ထူးခြားချက်မှာ ဒင်္ဂါးနှင့် တံဆိပ်ကို စုဆောင်းခြင်းပင် ဖြစ်လေသည်။

ထိုပစ္စည်းစုတို့ကို သုတေသီများက စနစ်တကျ သုံးနိုင်၊ တွေ့နိုင်ရအောင် စာကြည့်တိုက်သည် ကတ်ပြားကတ်တလောက်အပြင် ပြင်သစ်အမျိုးသား စာအုပ်စာရင်း (Bibliographie de la France) စသော ပုံနှိပ်ကတ်တလောက်များကိုလည်း မှန်မှန်ပြုစုလေသေးသည်။ ထို့ပြင် လက်ရေးစာမူကတ်တလောက်များကိုလည်း သီးသီးခြားခြား ရှိလေသည်။ ထိုအထဲတွင် မြန်မာ၊ ကမ္ဘောဇ လက်ရေးစာမူကတ်တလောက်လည်း ပါဝင်လေသည်။

စာကြည့်တိုက်၏လုပ်သားအင်အားမှာ (၁၉၅၈ ခုနှစ်၌) ၆၃၀ ယောက် ဖြစ်၏။

mgyoe.com

mgyboe.com

## ဗြိတိသျှပြတိုက် (ဗြိတိန်နိုင်ငံ)
## (The British Museum)

ထိုစာကြည့်တိုက်သည် တော်လှန်ရေးကြောင့် ပေါ်ပေါက်လာသည်လည်း မဟုတ်။ ဘုရင်ပိုင်ပစ္စည်းကို တဖြည်းဖြည်းနှင့် ပြည်သူလူထုက သုံးခွင့်ရလာသဖြင့် ပေါ်ပေါက်လာသည်လည်း မဟုတ်။ ဆာဟင်နရီစလုံး (Sir Henry Sloane) အမည်ရှိ ဆရာဝန်က သူပိုင် လက်ရေးစာ၊ ပုံနှိပ်စာ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ ပစ္စည်း အစုစုကို အစိုးရထံ လျှော့ဈေးနှင့် ရောင်းရန်ဟူ၍ သေတမ်းစာတွင် ရေးခဲ့ရာမှ အစိုးရက ၁၇၅၃ ခုနှစ်တွင် ထီဖွင့်၍ ဝယ်ယူသောကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ဤတွင် ဗြိတိသျှပြတိုက်သည် စာကြည့်တိုက်နှင့် ပူးတွဲနေသော ဌာနဟူ၍ သိမှတ်ထားရာသည်။ ပြတိုက်ညွှန်ကြားရေးမှူးသည် စာကြည့်တိုက်မှူး (Director & Principal Librarian) လည်း ဖြစ်လေသည်။ စာကြည့်တိုက် အပိုင်းတွင်ကား မူပိုင်ဥပဒေကို ၁၇၅၇ ခုနှစ်မှ စတင်ခဲ့ရာ ထိုစာကြည့်တိုက်သို့ ပြည်တွင်း၌ ထုတ်ဝေသမျှ စာအုပ်အသစ် တစ်အုပ်စီ ပို့ရလေသည်။ ထို့ပြင် အင်္ဂလိပ်ပိုင်နယ်မြေများမှ စာအုပ်စာတမ်းများကိုလည်း ပို့ရလေသည်။ ထို့ကြောင့် ၁၈၇၀ ခုနှစ်ထုတ် "မြန်မာသံတော်ဆင့်" သတင်းစာ၊ ၁၈၇၂ ခုနှစ်ထုတ် ဦးပုည၏ "ဝိဇယဗာဟု မင်းသားပြဇာတ်" ၊ ၁၈၈၆ ခုနှစ်ထုတ် ဆရာသင်၏ "လူပျိုအပျိုတေးတပ်" ၊ ၁၈၈၇ ခုနှစ်ထုတ် မောင်ဖူးညို၏ "လေ့တော်သံ ဗုံကြီးသံ"၊ ၁၉၁၀ ခုနှစ်ထုတ် ဆရာလွမ်း၏ "ဝရမ်းပြေးဘဝဟာမို့ လမ်းလေးခွကိုပင် မထွက်ဝံ့ရှာသော ကုလားကလေး ငဗျတ်ဝိဇာတ်" စသော မြန်မာစာအုပ် အတော်အတန်လည်း ထိုစာကြည့်တိုက်၌ ရောက်ရှိနေလေသည် ဖြစ်၏။

မူပိုင်ဥပဒေကို ပြန်ကောက်ရသော် ထိုဥပဒေကို ၁၇၅၇ ခုနှစ်မှ စခဲ့သော်လည်း စာကြည့်တိုက်အဖို့ စာအုပ်မှန်မှန်ရသည်ဟူ၍ကား မဆိုနိုင်။ ထိုစဉ်အခါက လစ်ဟင်းမှုတွေကို ၁၉ ရာစု အလယ်လောက် ရောက်သည့်အခါတွင်မှ ပြင်ဆင်နိုင်ခဲ့ကာ မူပိုင်ဥပဒေကို တင်းတင်းကျပ်ကျပ် အသုံးချသူများ ပေါ်ပေါက်လာလေသည်။ ထိုအထဲတွင် ဆာအန်တိုနီပါနစ်ဇီ Sir Antnony Panizzi သည် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်ဟု ဆိုရာသည်။ သူ့ကျေးဇူးကြောင့် စာကြည့်တိုက်အဆောက်အအုံသည် သိမ်သိမ်ငယ်ငယ်ဖြစ်ခဲ့ရာမှ ယခုလက်ရှိ စာဖတ်သူ ၄၇၄ ဦး ဆံ့၍ အလွန်အဆင်ပြေသော ဗဟိုစာဖတ်ခန်း အပါအဝင် အဆောက်အအုံသစ်ကို ရခဲ့သည်။ သူ့ကျေးဇူးကြောင့် စာစုရေးတွင် ဟာသမျှကို ဖြည့်နိုင်ခဲ့သည်။ သူ့ဓာတ်ကူးကာ နောက်ပိုင်း စာကြည့်တိုက်မှူးများကလည်း

mgyoe.com

တိုက်တွင် မရှိသေးသော အင်္ဂလိပ်စာမှုန်သမျှ မရရအောင် ကြိုးပမ်းခဲ့ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်သည်။ ထို့ကြောင့်လည်း ပြည်တွင်းစစ် (၁၆၄၂ – ၁၆၄၈) ဆိုင်ရာ ပုံနှိပ်စာစု (Thomason Collection)၊ ဇာတ်သမား ဒေးဗစ်ဂဲရစ် (David Garrick) က ၁၇၇၉ ခုနှစ်တွင် လှူဒါန်းခဲ့သော ပြဇာတ်စာစု၊ ၁၇ နှင့် ၁၈ ရာစုခေတ် သတင်းစာစု (Burney collection of seventeenth & eighteenth century newspapers) အင်္ဂလိပ် (အနု) စာပေတွင် ကြွယ်ဝလှသော တတိယမြောက် ဂျော့ဘုရင်၏ "ဘုရင့်စာကြည့်တိုက်" စာစု (King's Library) စသည်ဖြင့် ဗြိတိန်နိုင်ငံဆိုင်ရာ စာမှုန်သမျှသည် ထိုစာကြည့်တိုက်တွင် ရောက်ရှိ နေခဲ့သည် ဖြစ်လေသည်။ သို့သော် ပြည်ပထုတ်စာကို စုဆောင်းရာ၌မူ ဗြိတိသျှ ပြတိုက်သည် မူတစ်မျိုး သုံးလေသည်။ ထိုမူမှာ အခြားမဟုတ်။ သိပ္ပံဆိုင်ရာ စာမျိုးထက် ဝိဇ္ဇာပညာရပ်ဆိုင်ရာ စာအုပ်မျိုးကို အလေးပေး၍ ဝယ်ယူခြင်း ဖြစ်လေသည်။ အကြောင်းမှာ ဗြိတိန်နိုင်ငံတွင် သိပ္ပံစာကြည့်တိုက် (Science Library)၊ သဘာဝသမိုင်းပြတိုက် (Natural History Museum Library) စသော အမျိုးသားအထူးစာကြည့်တိုက် (National Special Libraries) များ ရှိနေသည့်အတွက် ဖြစ်လေသည်။ ထိုစာကြည့်တိုက်များတွင် သိပ္ပံဆိုင်ရာစာအုပ်များကို အလေးပေး၍ ဝယ်ယူမည်ဖြစ်ရာ ဗြိတိသျှပြတိုက်သည် မိမိ၏ ဝယ်အားကို ဝိဇ္ဇာပညာစာဘက်၌ အသုံးချခြင်းဖြင့် ပို၍ အကျိုးရှိနိုင်လေသည်။ ဤသို့ဖြင့် စာကြည့်တိုက်တွင် ၁၉၅၈ ခုနှစ် စာရင်းအရ ...

| | | |
|---|---|---|
| (က) | ပုံနှိပ်စာနှင့် ချုပ်ပြီး ဂျာနယ်မဂ္ဂဇင်း | ၅,၀၀၀,၀၀၀ |
| (ခ) | ချုပ်ပြီးသတင်းစာ | ၄၀၀,၀၀၀ |
| (ဂ) | မြေပုံ | ၅၀၀,၀၀၀ |
| (ဃ) | ဂီတသင်္ကေတ | ၉၀၀,၀၀၀ |
| (င) | ခရစ်နှစ် ၁၅၀၀ အလျင် ပုံနှိပ်စာ | ၁၀,၀၀၀ |
| (စ) | လက်ရေးစာ | ၆၀,၀၀၀ |
| (ဆ) | အထူးအခွင့်အရေးစာချုပ်များ | ၁၀၀,၀၀၀ |

ရှိလာလေသည်။

ထိုပစ္စည်းစုကို သုတေသီများ စနစ်တကျလေ့လာနိုင်ရအောင် စာကြည့်တိုက်သည် ကတ်ပြားကတ်တလောက်အပြင် ဖရန်စစ်ပြုစုသော ပုံနှိပ်စာ ကတ်တလောက်၊ စကိပြုစုသော လက်ရေးစာ ကတ်တလောက်၊ (The Catalogues of the British Museum 1. Printed Book by F.C. Francis; 2. Manu-

mgyoe.com

m g y o e . c o m SAMPLE BOOK


scripts by T.C. Skeat; 3. Oriental Printed Books and Manuscripts by F.C. Francis 1951-1952) စသည်ဖြင့် ပုံနှိပ်ကတ်တလောက်မျိုးကိုလည်း ပြုစုလေသေးသည်။ ဗားနတ်ပြုစုသော မြန်မာစာအုပ်စာရင်း (A catalogue of Burmese books by L.D Barnett) ကဲ့သို့ ပညာရပ်သီးခြား ကတ်တလောက် မျိုးကိုလည်း ပြုစုလေသေးသည်။ ဗြိတိသျှ အမျိုးသားစာအုပ်စာရင်း (British National Bibliography)၊ ဂျာနယ်မဂ္ဂဇင်း စုပေါင်းကတ်တလောက် (British Union Catalogue of Periodicals) ကို ထုတ်ဝေနိုင်ရေးအတွက် လုပ်အားအကူအညီပေးခြင်း၊ နေရာပေးခြင်း၊ ကြီးကြပ်ပေးခြင်း ဟူသော အမှုကိစ္စကိုလည်း ဆောင်ရွက်လေသေးသည်။

## ကွန်ဂရက်လွှတ်တော်စာကြည့်တိုက် (အမေရိကန်နိုင်ငံ)
## (Library of Congress)

ထိုစာကြည့်တိုက်ကို ဥပဒေပြုလွှတ်တော်အတွက် ရည်ရွယ်၍ တည်ထောင်ခဲ့သည်။ သက္ကရာဇ်သည် ၁၈ဝ၂ ခုနှစ်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ထိုနှစ်၌ လွှတ်တော်နှစ်ရပ်ရှိ စာကြည့်တိုက်ငယ်များကို ပေါင်းစည်းသည့်ဥပဒေကို ပြဋ္ဌာန်းလေသောကြောင့်တည်း။ ဤသို့ ဥပဒေပြုလွှတ်တော်အတွက် ရည်ရွယ်ခဲ့သဖြင့် အစအဦး၌ ဥပဒေစာအုပ်၊ ပါလီမန် စည်းမျဉ်းစာအုပ် စသည်တို့သာ စာကြည့်တိုက်စာစု ဖြစ်ခဲ့လေသည်။ စာကြည့်တိုက်မှူးမှာလည်း မူလရည်ရွယ်ချက်အတိုင်း အထက်လွှတ်တော်၊ အောက်လွှတ်တော်သို့ အစီရင်ခံရသည်။

ဤတွင် ၁၈၁၂ ခုနှစ်၌ အင်္ဂလိပ် အမေရိကန် စစ်ဖြစ်၍ အင်္ဂလိပ်စစ်တပ်လက်ချက်ဖြင့် စာကြည့်တိုက်သည် မီးဒဏ်ခံလိုက်ရလေသည်။ ထိုအခါ သမ္မတ သောမတ်(စ်)ဂျက်ဖာဆင် (Thomas Jefferson) ပိုင် စာအုပ်စာတမ်းများကို ဝယ်ယူကာ အသစ်မတည်ပြန်သည်။ အစက စာကြည့်တိုက်ကို လွှတ်တော်အမတ်များသာ သုံးခွင့်ပြုရာမှ တစ်စတစ်စနှင့် ရှေ့နေချုပ်ကြီးကိုလည်းကောင်း၊ သံတမန်များကိုလည်းကောင်း၊ သုတေသီများကိုလည်းကောင်း သုံးခွင့်ပြုလာလေသည်။ စာအုပ်စာတမ်းများလည်း စာကြည့်တိုက်တွင် တိုးပွားလာပြန်သည်။ တစ်ဖန် ၁၈၂၅ ခုနှစ်၌ တစ်ကြိမ်၊ ၁၈၅၁ ခုနှစ်၌ တစ်ကြိမ် စာကြည့်တိုက်တွင် မီးဒဏ်ထိရပြန်၏။ သို့ဖြင့် စာကြည့်တိုက်၏ အခြေအနေသည် အတက်အကျရှိနေသည်တွင် ၁၈၉၇ ခုနှစ်မှစ၍ စာကြည့်တိုက်သည် ပြန်လည် ထူထူထောင်ထောင် ဖြစ်လာတော့သည်။ ထိုနှစ်၌ စာကြည့်တိုက်ကို ပြန်လည်ဖွဲ့စည်းရန်

mgyoe.com